
စိတ်ကူးချိုချိုအနုပညာ



သမ္မတကြီး
မန်းဝင်းမောင်၏
ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

# မန်းဝင်းမောင်၏
# မန်းဝင်းမောင်




၁၉၁၇ခု၊ မတ်လ(၁၃)ရက်နံနက်(၁၁)နာရီထိုးချိန်မှာ
ပြည်သူ့လွှတ်တော်အ ... ဦး ... စု
တွင်း ... ရုံး ... ပြည်သူ့လွှတ်တော်အမတ်များ ရွှေမှော်ဘက်နှင့်နိုင်ငံတော်
လွှတ်တော် ... ပြည်သူ့လွှတ်တော် ... အဖြစ်တာဝန်ထမ်း ... ရန်
တရား ... ကြီး ချုပ် ရွှေမှော်ဘက် ... သမ္မတအဖြစ်တာဝန်ထမ်း ...
ကျမ်း သစ္စာ ... ဆိုပြီး လက်မှတ်ရေးထိုးပြီး သည့်နောက်
နိုင်ငံတော်သမ္မတဖြစ်သွားပါတယ်။
... နှစ်ပေါင်း (၄၀) ကျော် ... ချိန်ကိုပြန်ကြည့်
လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်က သောအချိန်ကိုပြန်ကောက်
ကြည့်လိုက်သောအခါ ----------
...............

ISBN9789997111609
BIO10
9 789997 111609
2,200.00KS

mgyoe.com

မန်းဝင်းမောင်၏ မန်းဝင်းမောင်
စာမျက်နှာ ၁၂၀++ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မန်းဝင်းမောင်၏
# မန်းဝင်းမောင်

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

ပြိဒ်လယ်ခါးဒဝါးနှမ
ဒ်လယ်ခါးဒဝါးနှမ

mgyoe.com

mgyoe.com






အိန္ဒိယနိုင်ငံ ဘီဟာလာစခန်းတွင် ဖက်ဆစ်တော်လှန်ရေးအတွက် စစ်ပညာများ သင်ယူခဲ့သည့်
တော်လှန်ရေးရဲဘော်များကို တွေ့ရစဉ်၊ (ရှေ့တန်းဝဲစွန်မှာ) မန်းဝင်းမောင် (နောင် သမ္မတ)ဖြစ်သည်။

mgyoe.com

mgyoe.com



ရန်ကုန်စက်မှုတက္ကသိုလ်ကို ဖွင့်လှစ်ပေးနေသော သမ္မတကြီးမန်းဝင်းမောင် (၂၁၊ ဧပြီ၊ ၁၉၅၈)



**Moral Rearmament Group** ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံနေသည့် သမ္မတကြီးမန်းဝင်းမောင်

mgyoe.com

mgyoe.com



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလိယိမန်၏ ခန့်အပ်လွှာကို
လက်ခံနေသော သမ္မတကြီးမန်းဝင်းမောင်



ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသော စည်သူဦးဘမောင်ကို
သမ္မတကြီးမန်းဝင်းမောင်က ခန့်အပ်လွှာပေးအပ်စဉ်

mgyoe.com

mgyoe.com





ဂျပန်နိုင်ငံတွင်ကျင်းပမည့် တတိယအကြိမ် အာရှအိုလံပစ်ပြိုင်ပွဲသို့
သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ခေါင်းဆောင် ဗိုလ်မှူးကြီးခင်ညိုကို
သမ္မတကြီးက နိုင်ငံတော်အလံပေးအပ်စဉ် (၄၊ မေ၊ ၁၉၅၈)




ကျောက်ဖြူ အမတ်ဦးကျော်မင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးအဖြစ်
သမ္မတကြီးမန်းဝင်းမောင်ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုစဉ် (၅ ဇွန်၊ ၁၉၅၈)

mgyoe.com

mgyoe.com





ဆိုဗီယက်နှင့် တရုတ်နိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်ရောက်လာသော လူမျိုးစုလွှတ်တော်ဥက္ကဋ္ဌ
စဝ်ရွှေသိုက်နှင့်ဇနီး မဟာဒေဝီကို သမ္မတကြီးမန်းဝင်းမောင်နှင့်ဇနီးက သမ္မတအိမ်တော်၌ ဂုဏ်ပြုညည့်ခံစဉ်



တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် နယ်သာလန်သံအမတ်ကြီးကို
သမ္မတကြီးမန်းပင်းမောင်က ဂုဏ်ပြုညစာစားပွဲဖြင့် နှုတ်ဆက်ညည့်ခံစဉ်


mgyoe.com

mgyoe.com





သမ္မတအိမ်တော်တွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲအပြီး၌
သတင်းသမားများကို ညှော်ခံနေသော သမ္မတကြီးမန်းဝင်းမောင် (၃၀၊ ဇွန်၊ ၁၉၅၈)



သမ္မတအိမ်တော်တွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအပြီး၌ သတင်းသမားများနှင့်အတူ
မှတ်တမ်းတင်ဓာတ်ပုံအရိုက်ခံနေသော သမ္မတကြီးမန်းဝင်းမောင် (၃၀၊ ဇွန်၊ ၁၉၅၈)


mgyoe.com

mgyoe.com





အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များရရှိသည့် သံဃာတော်အရှင်သူမြတ်များအား
သမ္မတကြီးမန်းဝင်းမောင် ဘွဲ့တံဆိပ်ဆက်ကပ်စဉ် (၂၈၊ ဇွန်၊ ၁၉၅၈)



ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိလာသည့် ကမ္ဘောဒီးယားဝန်ကြီးချုပ် မင်းသားကြီးသိဟာနုကို
သမ္မတကြီးမန်းဝင်းမောင်နှင့်ဇနီးက လက်ခံတွေ့ဆုံစဉ်၊
ဝဲစွန်မှာ ထိုစဉ်က ဝန်ကြီးချုပ်ဦးနုဖြစ်သည် (၁၃၊ ဩဂုတ်၊ ၁၉၅၈)

mgyoe.com

mgyoe.com





Lions International ညွှန်ကြားရေးမှူးချုပ် မစ္စတာအာရှိုင်းကိတန်ကို
လက်ခံတွေ့ဆုံနေသော သမ္မတကြီးမန်းဝင်းမောင်



ဒိဗယ်စက်ခေါင်း လေ့ကျင့်ရေးဌာနဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားနေသော သမ္မတကြီးမန်းဝင်းမောင်

mgyoe.com

mgyoe.com





ဘုရားဖြူဆရာတော်ဦးဆောင်သည့် သံဃာတော်များကို
သမ္မတကြီးမန်းဝင်းမောင် ဆွမ်းဆက်ကပ်လှူဒါန်းစဉ်




ရန်ကုန်မြို့တော်ခန်းမတွင်ကျင်းပသည့်
အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို
ဖွင့်လှစ်ပေးနေသော သမ္မတကြီးမန်းဝင်းမောင်
(၂၇၊ အောက်တိုဘာ၊ ၁၉၅၈)

mgyoe.com

mgyoe.com





သမ္မတကြီးမန်းဝင်းမောင်က ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ
သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည့် ဦးမြတ်ထွန်းကို 'စည်သူဘွဲ့' ချီးမြှင့်စဉ်




မေမြို့မှ ပြန်လည်ရောက်ရှိလာသည့် သမ္မတကြီးမန်းဝင်းမောင်နှင့်မိသားစုကို
ရန်ကုန်ဘူတာကြီးတွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ် (၂၀၊ ဒီဇင်ဘာ၊ ၁၉၅၈)

mgyoe.com

mgyoe.com





ပါဠိတက္ကသိုလ် ဓမ္မကာရိယစာမေးပွဲအောင်မြင်သည့် သံဃာတော်များအား
သမ္မတကြီးမန်းဝင်းမောင် ဘွဲ့လက်မှတ်ဆက်ကပ်စဉ်



ကချင်ပြည်နယ်ထူထောင်ခြင်း ၁၁ နှစ်ပြည့်အခမ်းအနား မြစ်ကြီးနားမြို့ဦးကျောင်းပစဉ်
အမှာစကားပြောကြားနေသော သမ္မတကြီးမန်းဝင်းမောင် (၁၀၊ ဇန်နဝါရီ၊ ၁၉၅၉)

mgyoe.com

mgyoe.com





ကချင်ပြည်နယ်ထူထောင်ခြင်း ၁၁ နှစ်ပြည့်အခမ်းအနား မြစ်ကြီးနားမြို့၌ကျင်းပစဉ်
ကချင်တိုင်းရင်းသားခေါင်းဆောင်များကို ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်နေသော
သမ္မတကြီးမန်းဝင်းမောင် (၁၀၊ ဇန်နဝါရီ၊ ၁၉၅၉) (အပေါ်၊ အောက်နှင့် ယာမျက်နှာအောက်ပုံ)



mgyoe.com

mgyoe.com





ကချင်ပြည်နယ်ထူထောင်ခြင်း ၁၁ နှစ်ပြည့်အခမ်းအနား မြစ်ကြီးနားမြို့၌ကျင်းပစဉ်
ကချင်တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ တွေ့ရသော သမ္မတကြီးမန်းဝင်းမောင် (၁၀၊ ဇန်နဝါရီ၊ ၁၉၅၉)



mgyoe.com

mgyoe.com




၁၁ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် သမ္မတကြီးမန်းဝင်းမောင် မိန့်ခွန်းပြောကြားနေစဉ် (၄၊ ဇန်နဝါရီ၊ ၁၉၅၉) နှင့် အခမ်းအနားတက်ရောက်လာသည့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအပါအဝင် ဂုဏ်သရေရှိညှော်သည်များကို တွေ့ရစဉ် (အောက်ပုံ)



mgyoe.com

mgyoe.com



၁၁ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြည့်ရှုနေသော
သမ္မတကြီးမန်းဝင်းမောင် (၄၊ ဇန်နဝါရီ၊ ၁၉၅၉)



ဗြိတိန်နိုင်ငံ အိဒင်ဘာဂ်မြို့စားကြီး မင်းသားကြီးဖိလစ်ကို လက်ခံတွေ့ဆုံနေသော သမ္မတကြီးမန်းဝင်းမောင်

mgyoe.com

mgyoe.com





သီဟိုဠ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဒေါက်တာထင်အောင်ကို
ဂုဏ်ပြုလက်ဆောင်ငွေဇလားပေးအပ်နေသည့် သမ္မတကြီးမန်းဝင်းမောင်



အိမ်စောင့်အစိုးရ ဒုတိယသက်တမ်း ၆ လအတွက် သမ္မတကြီးမန်းဝင်းမောင်ရှေ့မှောက်၌
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ကျမ်းသစ္စာကျိန်ဆိုစဉ် (၂၇၊ ဖေဖော်ဝါရီ၊ ၁၉၅၉)


mgyoe.com

mgyoe.com





သမ္မတကြီးမန်းဝင်းမောင်က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို
'သတိုးဂါရီရသုဓမ္မ' ဘွဲ့ချီးမြှင့်စဉ် (၂၇၊ ဖေဖော်ဝါရီ ၁၉၅၉)



သမ္မတကြီးမန်းဝင်းမောင်နှင့်အတူ တွေ့ရသော အိမ်စောင့်အစိုးရဝန်ကြီးချုပ်
ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အစိုးရအဖွဲ့ဝင်များ (၂၇၊ ဖေဖော်ဝါရီ ၁၉၅၉)

mgyoe.com

mgyoe.com




ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဒက်ဟမ္မာရှိုးကို လက်ခံတွေ့ဆုံနေသော
သမ္မတကြီးမန်းဝင်းမောင် (၅၊ မတ်၊ ၁၉၅၉)




အင်းလျားကန် ကျွန်းသာယာတွင် ကျင်းပပြုလုပ်သည့် တပ်မတော်နေ့အခမ်းအနားပြပွဲသို့
သမ္မတကြီးမန်းဝင်းမောင် ရောက်ရှိလာစဉ် (၂၇၊ မတ်၊ ၁၉၅၉)

mgyoe.com

mgyoe.com





အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပပြုလုပ်သော ၁၄ ကြိမ်မြောက် တော်လှန်ရေးနေ့အခမ်းအနားဌ်
သမ္မတကြီးမန်းဝင်းမောင် မိန့်ခွန်းပြောကြားစဉ် (၂၇၊ မတ်၊ ၁၉၅၉)




အင်းလျားကန် ကျွန်းသာယာတွင် ကျင်းပပြုလုပ်သည့် တပ်မတော်နေ့အခမ်းအနားပြပွဲကို
သမ္မတကြီးမန်းဝင်းမောင် ဖွင့်လှစ်ပေးစဉ် (၂၇၊ မတ်၊ ၁၉၅၉)

mgyoe.com

mgyoe.com





အင်းလျားကန် ကျွန်းသာယာတွင် ကျင်းပပြုလုပ်သည့် တပ်မတော်နေ့အခမ်းအနားပြပွဲကို
သမ္မတကြီးမန်းဝင်းမောင် လှည့်လည်ကြည့်ရှုစဉ် (၂၇၊ မတ်၊ ၁၉၅၉)



လေးထီးဆင်းရဲဘော်များကို ကာလကတ္တားမြို့၌ စခန်းဖွင့်လေ့ကျင့်ပေးခဲ့ရာတွင် ဦးဆောင်ခဲ့သူ ဦးသိန်းဇေမြင့်
(ထိုင်လျက် ဝဲတ) နှင့်အတူ မန်းဝင်းမောင် (ထိုင်လျက် ဝဲဒု) ကို တွေ့ရစဉ် (၁၉၇၈)

mgyoe.com

mgyoe.com

## သမ္မတ မန်းဝင်းမောင် အတ္ထုပ္ပတ္တိ

**ဒေါ်ဝင်းမောင်ပြောသော လေထီးသမ္မတ**

၁၉၅၇ ခု၊ မတ်လ ၁၃ ရက်၊ နံနက် ၁၀ နာရီအချိန်မှာ အတွင်းဝန်များရုံးဝင်း ပြည်သူ့လွှတ်တော် အဆောက်အဦတွင် လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အမတ်များရှေ့မှောက်နှင့် နိုင်ငံတော်တရားဝန်ကြီးချုပ်ရှေ့မှောက်၌ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာကိုကျိန်ဆိုပြီး လက်မှတ်ရေးထိုးပြီးသည့်နောက် ပါပါသည် နိုင်ငံတော်သမ္မတ ဖြစ်သွားပါတယ်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်ကြာသောအချိန်ကို ပြန်လည်ကြည့်လိုက်သောအခါ ...

*

ပါပါဟာ ၁၉၁၆ ခု၊ ဧပြီလ ၁၇ ရက်၊ မြန်မာသက္ကရာဇ် ၁၂၇၈ ခု၊ တန်ခူးလပြည့်၊ တနင်္လာနေ့နံနက် ၆ နာရီအချိန်၊ အဘ ဦးရွှေရင်၊ အမေ ဒေါ်သာယာမှ လှဲဆိပ်ရွာမှာ မွေးဖွားပါတယ်။ လှဲဆိပ်ရွာဟာ ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်မှာဖြစ်ပြီး ပုသိမ်မြစ်နှင့် ဆက်လျက်ရှိသော ဒါးကမြစ် ညာဘက်ကမ်းခြေပေါ်မှာ တည်ရှိပါတယ်။ ကျုံပျော်မြို့နှင့် ငါးမိုင်ခန့်ဝေးကွာပါတယ်။ လှဲဆိပ်ရွာဟာ မြစ်ကမ်းပါးတစ်လျှောက် ရွာတန်းရှည်ဖြစ်ပြီး ဗမာပိုင်း၊ ကရင်ပိုင်းဟူ၍ ခွဲခြားထားပါတယ်။ ရွာတစ်ဖက်ကမ်းမှာ ဆန်စက်တစ်လုံးရှိပါတယ်။ ပုသိမ်မြို့မှ ဂျပန်ဆရာဝန်

mgyoe.com

ဒေါက်တာကီမိုးရာ လာရောက်တည်ထားသော ဆန်စက်ဖြစ်ပါတယ်။ ဆန်ကြိတ်လုပ်ငန်းအပြင် ကြံသကာချက်သောလုပ်ငန်းပါ လုပ်ပါတယ်။ ဆန်စက်ကို ဒေါက်တာကီမိုးရာက သူ့ကိုယ်စားလှယ်နှင့် လွှဲထားပြီး နွေဦးပေါက်မှစ၍ မိုးကျသည်အထိ သူကိုယ်တိုင် လာရောက်နေထိုင်ပါတယ်။ သူ လာရောက်နေထိုင်စဉ်အတွင်း ဆေးကုသရေးလုပ်ငန်းကိုပါ လုပ်ကိုင်ပါတယ်။

လှဲဆိပ်ရွာဟာ ပညာတတ်ပြောက်တဲ့လူ ခပ်များများ မွေးထုတ်တယ်လို့ဆိုရင် မှားမယ်မထင်ဘူး။ ဘာဖြစ်သလဲဆိုတော့ ဗြိတိသျှခေတ်ကပင် ဆယ်တန်းအောင်၊ ဘီအေအောင်၊ ဆရာဖြစ်သင်အောင်၊ ဆရာ ဆရာမများ၊ ဘွဲ့ရဆရာဝန်၊ သူနာပြုဆရာမများ၊ စာရေးစာချီများ အစရှိသည်တို့ကို မွေးထုတ်ခဲ့ပါတယ်။ နောက် သမ္မတဖြစ်လာတဲ့ ပါပဲ့ကိုလည်း မွေးထုတ်ခဲ့ပါတယ်။

ပါပဲ့အဖေနှင့် အမေဟာ လယ်သမားသားသမီးများဖြစ်ပါတယ်။ လှဲဆိပ်ရွာဟာ ပါပဲ့အမေရဲ့ ဇာတိရွာဖြစ်ပါတယ်။ ပါပဲ့အမေရဲ့ ညီအစ်ကိုမောင်နှမတွေဟာ လှဲဆိပ်ရွာမှာပဲ စုနေကြပြီး လယ်ယာများ လုပ်ကိုင်ကြပါတယ်။ ပါပဲ့အဖေဟာ မူလတန်းဆရာဖြစ်သင် ကျောင်းစာမေးပွဲအောင်ထားတော့ လှဲဆိပ်ရွာနှင့် သိပ်မဝေးသော ဒနော်–ဆင်ခေါင်းကြီးရွာမှာ ကျောင်းဆရာလုပ်ရင်း ပါပဲ့အမေနဲ့ အကြောင်းပါတယ်။ ပါပါ လူ့ပြည်ကို ရောက်လာတဲ့အချိန်မှာ ပါပဲ့အဖေဟာ တောကျောင်းဆရာပဲ ဖြစ်နေသေးတယ်။ ပါပဲ့မှာ ညီအစ်ကိုမောင်နှမ လေးယောက်ရှိပါတယ်။ ယောကျ်ားနှစ်ယောက်၊ မိန်းမနှစ်ယောက်ဖြစ်ပါတယ်။ အကြီးဆုံးက မိန်းမဖြစ်ပြီး ဒုတိယဟာ ပါပါဖြစ်ပါတယ်။ ပါပါမွေးပြီး နှစ်နှစ်အကြာမှာ ကျုံပျော်မြို့မှာ ပညာအုပ်ရာထူး လစ်လပ်ပါတယ်။ ပါပဲ့အဖေဟာ ဆရာဖြစ်လက်မှတ် ရထားတဲ့အပြင် အခြေခံပညာလည်းရှိတဲ့အတွက် ပညာအုပ်ရာထူးကိုလျှောက်တော့ ရပါတယ်။ ပညာအုပ်အလုပ်ဟာ ကျုံပျော်မြို့နယ်ထဲမှာရှိတဲ့ ကျောင်းတွေကို လိုက်လံစစ်ဆေးရတယ်။

ပါပါငယ်စဉ်က လှဲဆိပ်ရွာမှာပဲ ကျောင်းနေရပါတယ်။ ပညာအုပ်သား၊ ပညာအုပ်သားဆိုတော့ ထုံးစံအတိုင်း အရေးပေးခံခဲ့ရပါတယ်။ အရေးပေးခံရလို့ ပါပါက နွဲ့ဆိုး ဆိုးတယ် မဆိုးဘူးဆိုတာတော့ ပါပါသတိမရဘူးလို့ ပြောတယ်။ ပါပါတို့ငယ်ငယ်တုန်းက စာသင်တာ သင်ပုန်းကြီးတန်းမှ နှစ်တန်းအထိ ကျောက်သင်ပုန်းနှင့် ကျောက်တံကိုသာ သုံးရမယ်။ ကျောက်တံက တစ်နေ့တစ်ချောင်းလောက်ကျိုးတော့ ပါပဲ့အတွက် ပါပဲ့အဖေက ကျောက်တံကို ဘူးလိုက်ထားပေးတယ်။ ကျောက်တံ

ခဏခဏလုပ်ချိုးတော့ လုပ်ချိုးရကောင်းလားဆိုပြီး ပါပါ့အမေက ပါပါ့ကို တစ်ခါတစ်ခါရိုက်ပါတယ်။ ပါပါ့အဖေကတော့ ဘာမှမပြောပါဘူး။ ပါပါမွေးပြီး သူ ပညာအုပ်ဖြစ်လို့ ပါပါဟာ သူ့အတွက် လာဘ်ကောင်းတယ်ဆိုပြီး ပါပါ့ကို အလိုလိုက်ထားပါတယ်။

ပါပါ့အဖေ နယ်ထွက် ကျောင်းစစ်ဆေးတဲ့အခါ ပါပါ့ကို တစ်ခါတစ်ခါ ခေါ်သွားပါတယ်။ တစ်ရွာမှတစ်ရွာကို ကူးသန်းသွားလာတော့ လမ်းလျှောက်ရတဲ့အခါလည်းရှိတယ်၊ နွားလှည်းနဲ့သွားရတဲ့အခါလည်းရှိတယ်။ လမ်းလျှောက်ရတဲ့အခါဆိုရင် ပါပါ့အဖေနဲ့ အတူသွားတဲ့လူတွေက တစ်ယောက်က ပါပါ့ကို ပခုံးပေါ်မှာ ထမ်းသွားကြတယ်။ ပါပါတို့ငယ်ငယ်တုန်းက ဖြောက်အိုးခေါ်တဲ့ ယမ်းနှင့် ကျောက်ခဲကလေးတွေ ရောထည့်ထားဟဲ့ အထုပ်ရှိတယ်။ အဲဒီဖြောက်အိုးကို ပစ်လိုက်ရင် ထိတဲ့နေရာမှာ ပေါက်ကွဲပြီး အသံမြည်တယ်။ ကျောက်ခဲကလေးတွေကတော့ လွင့်စဉ်ကုန်တာပေါ့။ နောက် မီးအိုးဆိုပြီး လက်သန်းလောက်အရွယ်၊ ငုင်းထက်ငယ်တဲ့အရွယ် အရှည်က တစ်လက်မလောက်ရှိမယ်၊ ထိပ်မှာ မီးစာအချောင်းလေးတပ်ထားတယ်၊ အဲဒီမီးစာကို ရှို့လိုက်ရင် မီးအိုးဟာ ပေါက်ကွဲပြီး အသံကြီးမြည်လာတယ်။ ဒီ ဖြောက်အိုးတို့၊ မီးအိုးတို့ဆိုတာ တရုတ်ပြည်ကလာတယ်။ ပါပါငယ်ငယ်တုန်းက မီးအိုးဖောက်၊ ဖြောက်အိုးပစ်ဝါသနာပါတော့ အဖေ့နောက် ကျောင်းစစ်လိုက်တဲ့အခါ ကျောင်းဆရာတွေက ပါပါ့ကို ဒါတွေပဲပေးကြတယ်။ ပါပါအနေနဲ့ မီးအိုးဖောက်ရမယ်၊ ဖြောက်အိုးပစ်ရမယ်ဆိုရင် ထမင်းစားရမှန်းတောင်မသိဘူး၊ အိမ်မှာနေတဲ့အခါ ထမင်းစားချိန်ကျရင် ပါပါ့အမေက ပါပါရဲ့ မီးအိုးဖြောက်အိုးတွေကို သိမ်းထားတယ်၊ ထမင်းစားပြီးမှ ပြန်ပေးတယ်။

ပါပါ့အဖေဟာ ပညာအုပ်ဖြစ်တော့ ကျုံပျော်မြို့မှာ ရုံးထိုင်ပြီး၊ နေတော့ လှဲဆိပ်ရွာမှာပဲနေတယ်။ မနက်ဆိုရင် သမ္ဗန်နဲ့ ရုံးတက်ပြီး ညနေဆိုရင် သမ္ဗန်နဲ့ပြန်လာတယ်။ ပါပါ ကျောင်းမတက်ရတဲ့နေ့ဆိုလျှင် ပါပါ့အဖေနောက် ပါပါ လိုက်သွားလေ့ရှိတယ်။ တစ်နေ့ ပါပါ့အဖေနောက် လိုက်သွားတော့ ကျုံပျော်မြို့ကို ပုသိမ်အရေးပိုင်လာမယ်ဆိုလို့ အစိုးရအရာထမ်း၊ အမှုထမ်းတွေ ကြိုဆိုဧည့်ခံဖို့ ပြင်ဆင်မှုတွေ လုပ်နေကြတယ်။ ဗြိတိသျှအစိုးရလက်ထက် အုပ်ချုပ်မှုစနစ်ဟာ ဗမာပြည်ကို တိုင်းအဖြစ်ခွဲပြီး တိုင်းမှာ ခရိုင်၊ မြို့နယ်ဆိုပြီး ထပ်မံခွဲလိုက်တယ်။ တိုင်းကို ဦးစီးအုပ်ချုပ်တဲ့ အရာရှိကို တိုင်းမင်းကြီးဟူ၍လည်းကောင်း၊ ခရိုင်ကို ဦးစီးအုပ်ချုပ်သော အရာရှိကို အရေးပိုင်ဟူ၍

လည်းကောင်း (အရေးပိုင်ဟူသောအမည်ကို ဂျပန်ခေတ် လွတ်လပ်ရေးရပြီးနောက် ခရိုင်ဝန်ဟု ပြောင်းလဲခေါ်ဝေါ်သည်။) မြို့နယ်နှစ်နယ်မှ သုံးနယ်ကို ဦးစီးအုပ်ချုပ်သော အရာရှိကို နယ်ပိုင်ဟူ၍လည်းကောင်း၊ မြို့နယ်ကို ဦးစီးအုပ်ချုပ်သော အရာရှိကို မြို့ပိုင် သို့မဟုတ် မြို့အုပ်ဟူ၍လည်းကောင်း ခေါ်ဝေါ်ပါသည်။ အရေးပိုင်ရာထူး ထမ်းဆောင်သူမှာ များသောအားဖြင့် အင်္ဂလိပ်မျက်နှာဖြူများသာ ဖြစ်ပါသည်။ အင်္ဂလိပ်မျက်နှာဖြူ အရေးပိုင် ကျုံပျော်မြို့သို့ လာသောနေ့မှာ ပါပါ ကျုံပျော်မြို့မှာ ရှိပါတယ်။ အရေးပိုင်ဟာ ပုသိမ်မြို့မှ ကျုံပျော်မြို့သို့ ပုသိမ်မြစ်မှ ဒါးကမြစ်အတိုင်း အစိုးရသင်္ဘောဖြင့် လာပါတယ်။ အရေးပိုင် စီးနင်းလိုက်ပါလာတဲ့ သင်္ဘောဟာ နေအိမ်အဖြစ် စက်မပါဘဲ ဆောက်လုပ်ထားသော သင်္ဘောဖြစ်ပြီး ယင်းနေအိမ်သင်္ဘောကို စက်ပါသောသင်္ဘောက ဆွဲလာရခြင်းဖြစ်တယ်။ အင်္ဂလိပ်လို Houseboat ခေါ်တယ်၊ ကျုံပျော်ကမ်းနား သင်္ဘောဆိပ်မှာ ရာဇမတ်ကာ၊ ထုံးဖြူသုတ်၊ အုန်းလက်၊ ငှက်ပျောပင် အစရှိသည်တို့နှင့် မွမ်းမံပြင်ဆင်ထားပါတယ်။ ပါပါတို့ အဖော်တစ်စုနဲ့ ခပ်လှမ်းလှမ်းကနေ ကြည့်ပါတယ်။ အရေးပိုင်သင်္ဘောကပ်ပြီးနောက် နယ်ပိုင်က သင်္ဘောပေါ်တက်သွားတယ်။(ကျုံပျော်မြို့ဟာ မြို့နယ်သုံးနယ်ဖြစ်တဲ့ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် အသုတ်မြို့နယ်များကို အုပ်ချုပ်တဲ့ နယ်ပိုင်ရုံးစိုက်ရာမြို့ ဖြစ်ပါတယ်။) ခဏနေ နယ်ပိုင်နှင့်အတူတူ အင်္ဂလိပ်အရေးပိုင်မင်းက ဆင်းလာတယ်၊ နောက် ရာဇမတ်အတွင်းမှာ စောင့်နေတဲ့ အရာရှိတွေကို တစ်ဦးစီ လိုက်လံနှုတ်ဆက်တယ်။ ပါပါတို့အဖေက အရာရှိကလေးဆိုတော့ နောက်ဆုံးနားလောက်မှာက နေရတယ်။ အရေးပိုင်ကို တခမ်းတနားကြိုဆိုတယ်၊ လေးလေးစားစားဆက်ဆံတာကို ပါပါတွေ့ရတော့ အရေးပိုင်အလုပ်ကို လုပ်ချင်လာတဲ့စိတ် ပါပါ့မှာ ပေါ်လာပါတယ်။ ပါပါ ရွာပြန်ရောက်တော့ ကျုံပျော်မြို့မှာ အရေးပိုင်ရောက်လာလို့ တခမ်းတနားကြိုဆိုတဲ့ အကြောင်း ပါပါတွေ့ခဲ့ရသမျှကို ရွာက အပေါင်းအသင်းများသာမက ဦးကြီး၊ အရီးများကိုပါ မမောတမ်း ဖောက်သည်ချပြောပြတယ်။ ပြောပြရုံတင်မကဘူး၊ ကြီးလာတော့ ပါပါလည်း အရေးပိုင်လုပ်မယ်လို့ ပြောတယ်။ အဲဒီကစပြီး ရွာကလူတွေက "မင်းကြီးလာရင် ဘာလုပ်မလဲ" လို့မေးတိုင်း ပါပါက "အရေးပိုင်လုပ်မယ်" လို့ ပြန်ဖြေတယ်။ ဒါနဲ့ ရွာကလူတွေ ခပ်များများက ပါပါကို အရေးပိုင်လို့ ခေါ်ကြတယ်။ (၁၉၄၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် ပါပါ ဝန်ကြီးဖြစ်လာတဲ့အခါ ရွာကို ပြန်လည်ပါတယ်။ ရွာရောက်တော့ လူကြီးတချို့က ပါပါ့ကို ဘာပြောသလဲဆို

mgyoe.com

တော့ မင်းငယ်ငယ်တုန်းက ကြီးလာရင် အရေးပိုင်ဖြစ်မယ်ပြောပြီး ဖြစ်မယ့်ဖြစ်တော့ ဝန်ကြီးတောင် ဖြစ်နေပါလားဆိုပြီး ပါပါကို ပြောကြတယ်။)

လှဲဆိပ်ရွာကျောင်းဟာ မြန်မာစာသင်ကျောင်းပဲဖြစ်တယ်။ ဗြိတိသျှခေတ်က ပညာရေးစနစ်ဟာ အင်္ဂလိပ်လိုချည်းသင်တဲ့ကျောင်း၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာ သင်သောကျောင်းနှင့် မြန်မာစာသာ သင်သောကျောင်းဟူ၍ သုံးမျိုးသုံးစား ဖြစ်ပါတယ်။ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်သော ကျောင်းများမှာ ကျောင်းသားကျောင်းသူများ အနေများကြပါတယ်။

လှဲဆိပ်ရွာကျောင်းမှာ သုံးတန်းအောင်အထိသာ ပါပါ့ကို ကျောင်းထားပြီး သုံးတန်းအောင်ပြီးနောက် ပုသိမ်မြို့ကျောင်းမှာ ဆက်လက်ကျောင်းထားဖို့ ပါပါ့အဖေမှာ အစီအစဉ်ရှိတယ်။ မြို့ကျောင်းရောက်တော့ အင်္ဂလိပ်စာသင်ရမှာမို့ အင်္ဂလိပ်စာလိုက်နိုင်အောင်ဆိုပြီး နွေရာသီကျောင်းပိတ်ရက်များမှာ ပါပါ့ကို အင်္ဂလိပ်စာ သင်ခိုင်းတယ်။ ပါပါ့ကို အင်္ဂလိပ်စာသင်ပေးတဲ့ ဆရာမဟာ ရွာထဲကပဲ။ သူလည်း ဆယ်တန်းအောင်ပြီး ပုသိမ်မြို့ အင်္ဂလိပ်မြန်မာ စာသင်ကျောင်းမှာ ဆရာမလုပ်တယ်။ ကျောင်းပိတ်တုန်း သူ့မိဘထံ ပြန်လာခြင်းဖြစ်တယ်။

ပါပါ လှဲဆိပ်ရွာကျောင်းမှာ သုံးတန်းအောင်ပြီး ပုသိမ်ကျောင်းကို ပြောင်းရွှေ့စာသင်ရတယ်။ ပါပါနေတဲ့ကျောင်းဟာ မွန်ကရင် အထက်တန်းကျောင်းဖြစ်ပါတယ်။ အဲဒီအခါမှာ ပါပါ့အစ်မကြီးဟာ မွန်ကရင်အထက်တန်းကျောင်းမှာသွားနေတာ နှစ်နှစ်၊ သုံးနှစ်ရှိသွားပြီး မွန်ကရင်အထက်တန်းကျောင်းဟာ ယောကျ်ား၊ မိန်းမ ရောနေသောကျောင်းဖြစ်ပါတယ်။ ရပ်ဝေးမှလာနေသော ကျောင်းသူကျောင်းသားများအတွက် ယောကျ်ားဘော်ဒါဆောင်၊ မိန်းမဘော်ဒါဆောင်ဟူ၍ ခွဲခြားထားပါတယ်။ ပါပါ ပုသိမ်ကျောင်းသွားနေတဲ့နှစ်ဟာ ပါပါငယ်သေးတဲ့အတွက် အထူးကိစ္စတစ်ရပ်အနေနဲ့ ပါပါ့အစ်မကြီးနဲ့အတူတူ မိန်းကလေးဘော်ဒါဆောင်မှာ နေခွင့်ရတယ်။ အဲဒီတုန်းက ပါပါ သင်တိုင်းပဲဝတ်ပါတယ်။ ပါပါကျောင်းတက်တော့ သင်တိုင်းပဲဝတ်လို့ မင်း မိန်းမလား၊ ယောကျ်ားလားဆိုပြီး ကျောင်းသားကြီးတွေရဲ့ မေးမြန်းခြင်းကို ခံခဲ့ရပါတယ်။ ဘော်ဒါမှာကျွေးတဲ့ ထမင်းဟင်းတွေဟာ အိမ်မှာနဲ့စာကြည့်ရင် ကောင်းတယ်လို့ မဆိုနိုင်ပါဘူး။ နံနက်ပိုင်း ကျောင်းမတက်မီတစ်ကြိမ်နှင့် ညနေပိုင်း ကျောင်းဆင်းချိန်မှာတစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်ကျွေးပါတယ်။ နံနက်ပိုင်းမှာ ထမင်း၊ ငါးပိရည်နှင့် တို့စရာ၊ ညနေပိုင်းကျတော့ ထမင်းနှင့် ပဲဟင်း၊ ဒါပဲ။ ပါပါ အစားအသောက် ဆင်းရဲမှာစိုးလို့ ပါပါ့

mgyoe.com

အဖေက ပါပါအတွက် လပေးနဲ့ အပြင်မှာ ဟင်းလျာမှာပေးတယ်။ နောက် လူကြုံရင် အိမ်ကနေ ငါးကြော်၊ ငါးပိကြော် အစရှိသည်တို့ကို ပို့ပေးတယ်။

ပါပါ မွန်ကရင် အထက်တန်းကျောင်းရောက်တဲ့နှစ်မှာ သုံးတန်းမှာနေရတယ်။ တောရွာမှာနေစဉ် အင်္ဂလိပ်စာ ကြိုတင်သင်ကြားထားတဲ့အတွက် သုံးတန်းမှာ နေရသော်လည်း ပါပါ့အတွက် အင်္ဂလိပ်စာ အခက်အခဲမရှိဘူး။ ထိုစဉ်က အင်္ဂလိပ်စာ ဆိုလျှင် သင်ပုန်းကြီးတန်းမှနေ သင်ပါတယ်။

ပါပါ ပုသိမ်ကျောင်းရောက်စမှာ အဖေနဲ့အမေကို အောက်မေ့တယ်။ ရွာကို လည်း အောက်မေ့တယ်။ နံနက် ငါးနာရီအချိန် ပုသိမ်မှ ဟင်္သာတသို့ ထွက်ခွာတဲ့ မီးရထားဥသြသံကြားရင် ပါပါ ငိုတာပဲ။ ပါပါ ပုသိမ်ကျောင်း စတက်သောနှစ်မှာ ပါပါ့အဖေကိုယ်တိုင် ပါပါ့ကို လိုက်ပို့တယ်။ လှဲဆိပ်ရွာမှ ကျုံပျော်သို့ သမ္ဗန်စီးရတယ်။ ကျုံပျော်မှ ရေကြည်သို့ ဖို့(ဒ်)ကားစီးရတယ်။ ဟိုတုန်းက အမေရိကန်ဖို့(ဒ်)(Ford) ကားပဲ ခေတ်စားပြီး အသုံးများကြတယ်။ ဖို့(ဒ်)ကားကို တောကလူတွေက ဖွတ်ကား လို့ပဲ ခေါ်ကြပါတယ်။ ရေကြည်ဟာ ပုသိမ်နဲ့ ဟင်္သာတကြားမှာရှိတဲ့ ဘူတာမြို့ပဲ။ ရေကြည်ကနေ ပုသိမ်ကို မီးရထားစီးသွားရပါတယ်။ ကျောင်းပိတ်ပြန်တော့လည်း ဒီလမ်းအတိုင်းပဲ၊ ကျောင်းဖွင့်တိုင်း အဖေကိုယ်တိုင် ကျောင်းကိုလိုက်ပို့ပြီး ကျောင်းပိတ် တော့ အဖေမအားလို့ မလာနိုင်တဲ့အခါ အမေ လာကြိုပါတယ်။ ပုသိမ်သို့ အဖေ လာမကြိုနိုင်သော်လည်း ရေကြည်ဘူတာမှာတော့ အမြဲလာကြိုပါတယ်။

ပုသိမ်မွန်ကရင်အထက်တန်းကျောင်းမှာ တစ်နှစ်နေပြီး နောက်တစ်နှစ် ကျောင်း ဖွင့်တော့ ပါပါ မိန်းကလေးဘော်ဒါဆောင်မှာ နေခွင့်မရတော့ဘူး။ ပါပါ့အစ်မကြီး လည်း တခြားကျောင်းတစ်ကျောင်းမှာ ပြောင်းရွှေ့ပညာသင်တယ်။ ဒါနဲ့ ပါပါ ယောကျ်ားကလေးဘော်ဒါဆောင်မှာပဲ နေရတယ်။ သင်တိုင်းလည်း မဝတ်တော့ဘူး။ ကျောင်းမဖွင့်မီ ပါပါ့အဖေက ပါပါ့ကို ကျုံပျော်ခေါ်သွားပြီး ရှပ်အင်္ကျီဘောင်းဘီတိုတွေ ချုပ်ပေးတယ်။ ပြီးတော့ ဖိနပ်ဆိုင်မှာ ဘွတ်ဖိနပ်ခေါ်တဲ့ ဖိနပ်အမြင့်စားကို ချုပ်ပေး တယ်။ ကျောင်းတက်တော့ ဝတ်ဖို့ဖြစ်ပါတယ်။ ပါပါ့အဖေဟာ ပါပါ့ကို ရှပ်အင်္ကျီ၊ ဘောင်းဘီတို၊ ဘွတ်ဖိနပ်တွေ ချုပ်ပေးသော်လည်း ပါပါ့နာမည်ကိုတော့ ဗမာလိုပဲ ပေးပါတယ်။ အဲဒီအချိန်မှာ ပညာတတ်လူတန်းစားတွေဟာ သူတို့သားသမီးများကို အများအားဖြင့် အင်္ဂလိပ်နာမည်ပေးတဲ့ခေတ်ဖြစ်ပါတယ်။

ပါပါဟာ ငယ်ရွယ်စဉ်ကပင် မတော်တဆ ထိခိုက်၊ ဒဏ်ရာရခြင်းနှင့် ထိတွေ့ခဲ့
mgyoe.com

 c o m 

ရပါတယ်။ ပုသိမ်ကျောင်းမှာနေစဉ် နွေရာသီကျောင်းပိတ်ချိန်တစ်ချိန်မှာ ရွာပြန်လာတဲ့အခါ အပေါင်းအသင်းများနှင့် ကမ်းနားသစ်ပင်မှ နွယ်ကြိုးကို တစ်ယောက်တစ်လှည့်တွဲလဲခိုပြီး ဒန်းအဖြစ် မြစ်ဘက်ကို လွှဲစီးကြတယ်။ ပါပါ့အလှည့်ရောက်တော့ အဖော်တစ်ယောက်နှင့်အတူစီးတော့ မြစ်ဘက်ကိုရောက်သွားတဲ့အခါ နွယ်ကြိုးဟာ ပြတ်သွားပါတယ်။ ဖြစ်ချင်တော့ မြစ်ပေါ်မှာ ပေါ်ချည်မြုပ်ချည် မျောလာတဲ့ ဝါးငုတ်ပေါ်မှာ ပါပါတို့ ကျသွားတယ်။ ပါပါ့အဖော်က ခေါင်းပေါက်ပြီး ပါပါကတော့ မေးစေ့ထိသွားပြီး အရိုးပေါ်သွားတယ်။ ပါပါ့အဖေနှင့် အမေက ပါပါ့ကို ရွာတစ်ဖက်ကမ်းရှိ ဒေါက်တာကီမိုးရာဆီ ခေါ်သွားတယ်။ ဒေါက်တာကီမိုးရာက ဆေးထည့်ပြီး ပြန်ချုပ်ပေးတယ်။ နောက် ဒီဇင်ဘာ ခရစ္စမတ်ကျောင်းပိတ်ချိန်တစ်ချိန်မှာလည်း ရွာပြန်ရောက်ပြီး ဦးလေးလယ်ထဲကို သွားလည်တယ်။ စပါးရိတ်သိမ်းချိန်ဖြစ်တော့ တလင်းထဲမှာ စပါးနယ်တဲ့လူကနယ်၊ လှေ့တဲ့လူကလှေ့နဲ့ အလုပ်များနေကြတယ်။ ပါပါလည်း တလင်းထဲ လျှောက်ပြေးကစားရင်း ချော်လဲပါတယ်။ ဦးလေးမွေးထားတဲ့ အင်းခွေးကြီးအပေါ်မှာ ချော်လဲမိလို့ အင်းခွေးကြီးက ပါပါ့မျက်နှာကို ထကိုက်တယ်။ ဘေးနားကလူတွေက ပါပါ့မျက်နှာကို ခွေးကိုက်ထားတာတွေ့တော့ မျက်လုံးကန်းကုန်ပြီလို့ တွက်ကြတယ်။ ခွေးကိုမောင်းထုတ်ကြပြီး ပါပါ့ကို လာထူကြတယ်။ ပါပါ့မျက်နှာတော့ သွေးတွေနဲ့ပေါ့။ ကံကောင်းလို့ ခွေးကိုက်တာ မျက်လုံးမထိဘူး။ မျက်လုံးနားမှာ ကပ်ထိတော့ အမာရွတ်ကျန်ရစ်ခဲ့တယ်။ ပါပါကြီးပြင်းလာတဲ့အခါ ဂျပန်တော်လှန်ရေးမှာ လေထီးနဲ့ဆင်းတော့ ပေါင်ကျိုးခဲ့တယ်။ နံရိုးတစ်ချောင်းလည်း ကျိုးခဲ့တယ်။ သမ္မတဖြစ်တဲ့အခါ မြင်းပေါ်မှလိမ့်ကျလို့ ဦးခေါင်းခွံ ကွဲအက်သွားတယ်။

၁၉၂၅ (သို့) ၂၀ ရာစုမှာ ငသိုင်းချောင်း ရေကာတာကျိုးတယ်။ အဲဒီအချိန်မှာ ပါပါက ပုသိမ်ကျောင်းမှာ စာသင်နေတယ်။ သီတင်းကျွတ်ကျောင်းပိတ် ပါပါပြန်လာတော့ ရေကြည်နှင့် ကျုံပျော်သွား ကားလမ်းတချို့ပေါ်မှာ ရေမြုပ်နေသေးတာကို တွေ့ရတယ်။ ဒီလိုရေမြုပ်တဲ့နေရာမှာ ကားဖြည်းဖြည်းမောင်းရတယ်။ ကျုံပျော်ရောက်တော့ ကမ်းနားမှာရှိတဲ့အိမ်တွေ ရေမြုပ်နေသေးတာကို တွေ့ရတယ်။ ဒါးကချောင်းလည်း လေး–ငါးဆလောက် ကျယ်သွားတယ်။ ရွာကို သမ္ဗန်နဲ့ပြန်တော့ ရေမြုပ်နေသေးတဲ့ ရွာနဲ့ ဥယျာဉ်ခြံထဲမှာ ခတ်သွားရတယ်။ အိမ်ပြန်ရောက်တော့ အိမ်အောက်မှာ ရေသုံးပေလောက်ရှိသေးတယ်။ ရေကြီးတုန်းက ပျဉ်ပြားခင်းထားတဲ့အဆင့်ရောက်ဖို့ တစ်ထွာလောက်ပဲလိုတယ်လို့ အဖေနှင့်အမေက ပြောပြတယ်။ ပါပါ့အဖေက

mgyoe.com

 mgyoe.com 

ငါးယောက်ဆံ့လှေတစ်စင်း ဝယ်ထားတယ်။ ပါပါလည်း ရွာထဲလျှောက်လည်တော့ လှေနဲ့ပဲသွားရတယ်။ အဲဒီကတည်းကစပြီး ပါပါ လှေလှော်တတ်တယ်။ တစ်ခါ ပါပါ့အမေက ပါပါကို မြစ်ဖြတ်ပြီး တစ်ဖက်ကမ်းရောက်အောင် လှေလှော်ပြတယ်။ ပြန်လာတော့ ပါပါ့အဖေသိလို့ လှေမှောက်သွားရင် ဘယ့်နှယ်လုပ်မလဲဆိုပြီး ပါပါ့အမေကိုဆူတယ်။

၁၉၂၇ ခုနှစ်၊ မတ်လမှာ ခါတိုင်းနှစ်များကဲ့သို့ မွန်ကရင် အထက်တန်းကျောင်းဟာ နွေရာသီအတွက် ကျောင်းပိတ်ပါတယ်။ အဲဒီနှစ်မှာ ပါပါက ငါးတန်းစာမေးပွဲဖြေဆိုထားပါတယ်။ ကျောင်းပိတ်ရင် ပါပါ့အဖေ သို့မဟုတ် အမေက အမြဲတမ်းလာရောက်ကြိုပါတယ်။ အဲဒီနှစ် ပါပါ့အဖေရော အမေပါ မလာကြပါ။ ပါပါ့အဖေက မအားလို့ အမေက သိပ်နေမကောင်းလို့ဆိုပြီး လူကြုံနဲ့ စကားပါးလိုက်ပါတယ်။ အဲဒီနှစ် လူကြုံနဲ့ပဲ ပါပါပြန်သွားရပါတယ်။ ရေကြည်ဘူတာကျတော့ အမြဲတမ်းလာကြိုနေတဲ့ ပါပါ့အဖေကိုလည်း ပါပါမတွေ့ဘူး။ ဘာများ ဖြစ်နေကြသလဲဆိုတာ ပါပါ့စိတ်ထဲမှာ သံသယဝင်လာပါတယ်။

ကျုံပျော်မြို့ကို နံနက် ၁၀ နာရီအချိန်မှာ ရောက်သွားပါတယ်။ ခါတိုင်းဆိုလျှင် ကျုံပျော်မှာ ထမင်းစားသောက်ပြီးမှ ရွာကို ပြန်လှေ့ရှိပါတယ်။ ဒီတစ်ခါ ပါပါ ထမင်းစားချင်စိတ်မရှိဘူး။ ရွာကိုပဲ တန်းပြန်ချင်တဲ့စိတ်ဟာ ပြင်းပြပါတယ်။ ရွာကို နံနက် ၁၁ နာရီအချိန်မှာ ပြန်ရောက်ပါတယ်။ အိမ်ရောက်တော့ ပါပါ ဘာကိုတွေ့ရသလဲဆိုတော့ ပါပါ့အဖေ နာမကျန်းဖြစ်ပြီး အိပ်ရာပေါ်လဲနေတာ တွေ့ရတယ်။ နေမကောင်းတာ နှစ်လ–သုံးလရှိပြီဖြစ်ကြောင်း သိရပါတယ်။ ပါပါ့အမေကတော့ နေကောင်းပါတယ်။ ပါပါ့အဖေရဲ့ရောဂါဟာ ဝမ်းကိုက်ရောဂါဖြစ်ပါတယ်။ ကျုံပျော်မြို့က ဆရာလည်း တစ်လတစ်ခါ လာရောက်ဆေးထိုးကုသပေးပါတယ်။

သို့သော် သက်သာလာခြင်းမရှိပါ။ ပါပါပြန်ရောက်သွားတဲ့အချိန်မှာ ပါပါ့အဖေဟာ တော်တော်ကလေး ပိန်သွားပါတယ်။ ကျုံပျော်မြို့က ဆရာဝန်နဲ့ကုသတာ မသက်သာတဲ့အတွက် ဗိန္ဒောဆရာနဲ့ ထပ်မံကုသတယ်။ အကြောင်းမထူးပါ။ ကျုံပျော်မြို့က ဆရာဝန်ရော၊ ဗိန္ဒောဆရာပါ လက်လျှော့လိုက်ကြပါတယ်။

၁၉၂၇ ခု၊ မေလ ၂၉ ရက်၊ နံနက် ၂ နာရီအချိန်မှာ ပါပါအိပ်ကောင်းတုန်း ပါပါ့အမေက ပါပါ့ကို "သားကြီး သားကြီး ထထ" လို့ နှိုးပါတယ်။ ပါပါနိုးလာတော့ ပါပါ့အမေက ငိုယိုပြီး "သားကြီးအဖေ ဆုံးသွားပြီ" လို့ ပါပါ့ကို ပြောပါတယ်။

mgyoe.com

mgyoe.com
ပါပါ့အဖေရဲ့အလောင်းကို ရေချိုးပေးကြပြီး အဝတ်အစားများ လဲပေးကြပါတယ်။ ပါပါ့အဖေ သေဆုံးတဲ့အချိန်မှာ ပါပါ့အဖေဟာ အရိုးနဲ့အရေလောက်ပဲ ကျန်ပါတော့တယ်။ ရွာရဲ့ ဓလေ့ထုံးစံအတိုင်း ပါပါ့အဖေအတွက် ခေါင်းစပ်ကြပါတယ်။ ပါပါ ခေါင်းစပ်တဲ့နေရာကို သွားကြည့်တယ်။ ခေါင်းစပ်တဲ့လူတွေက ပါပါ့ကိုတွေ့တော့ သူတို့အချင်းချင်း ဒီကလေးလည်း သူ့အဖေဆုံးလို့ ကျောင်းဆက်နေနိုင်တော့မှာ မဟုတ်ဘူးလို့ ပြောကြတယ်။ ပါပါ့အဖေကို ရွာသင်္ချိုင်းမှာပဲ မြှုပ်နှံသင်္ဂြိုဟ်ပါတယ်။ လှဲဆိပ်ရွာသင်္ချိုင်းမှာ ယခုထက်တိုင် ပါပါ့အဖေရဲ့ဂူဟာ ရှိနေပါတယ်။

**ပါပါ့အဖေဆုံးပြီးနောက်**

ဘဝလမ်းခရီးဟူသည်မှာ ပန်းခင်းထားသောလမ်းချည်း မဟုတ်ပါ။ ဆူးငြောင့်ခလုတ်နှင့် ပြည့်ဝသောလမ်းလည်း ရှိပါတယ်။ ပါပါသည် အဖေဆုံးပြီးနောက် ပန်းခင်းသောလမ်းပေါ်မှာ လျှောက်ရာမှ ရုတ်ခြည်း ဆူးငြောင့်ခလုတ်နှင့် ပြည့်ဝသောလမ်းပေါ်သို့ ရောက်ရှိသွားပါတယ်။

ပါပါ့အဖေဆုံးပြီးနောက် တစ်ပတ်အကြာ ဇွန်လ ပထမပတ်မှာ ကျောင်းများ အသီးသီးဖွင့်ပါတယ်။ ကျောင်းများဖွင့်သော်လည်း ပါပါ့ကို ကျောင်းထားမည့်သူ မရှိသဖြင့် ပါပါ ကျောင်းမသွားနိုင်တော့ပါ။ ပါပါ့အစ်မကြီးလည်း ကျောင်း ဆက်မနေနိုင်သဖြင့် မော်လမြိုင် အမေရိကန်ဆေးရုံမှာ သူနာပြုဆရာမသင်တန်း လျှောက်ထားရာ ရသဖြင့် မော်လမြိုင်သို့ ထွက်ခွာသွားပါတယ်။ ပါပါ့ညီမလေးက ရွာကျောင်းမှာပဲ ကျောင်းနေပါတယ်။ ညီလေးကတော့ ကျောင်းမနေတတ်သေးပါ။

တစ်နေ့မနက် မီးဖိုချောင်မှာ ပါပါ ထမင်းချက်နေတုန်း ပါပါ့အမေက ပါပါ့ကို လာပြောပါတယ်။ သားကြီး မြို့ကျောင်းမှာ တစ်နှစ်ဆက်နေလိုရင် အမေ ကြိုးစားထားပေးမယ်လို့ ပြောပါတယ်။ ဒီတော့ ပါပါက တစ်နှစ်တည်းနဲ့ အကြောင်းထူးမှာ မဟုတ်ဘူး။ တောမှာပဲ ဖြစ်သလို နေထိုင်လုပ်ကိုင်စားသောက်မယ့်အကြောင်း ပြန်ပြောပါတယ်။ ပါပါ့အဖေ သုံးလေးလဖျားတော့ ဆေးဖိုးဝါးခပေးရန် အိမ်မှာရှိတာတွေ ရောင်းချရတဲ့အကြောင်း လူကြီးတွေအချင်းချင်း ပြောသံကြားတော့ ပါပါ့အနေနဲ့ ပါပါ့အမေကို ဒုက္ခမပေးချင်တော့ပါ။

ပါပါသည် အိမ်မှာပဲနေပြီး တတ်နိုင်သည့်ဘက်မှ အိမ်အလုပ်ကို ဝိုင်းကူလုပ်ပါတယ်။ မီးဖိုချောင်အလုပ်ဆိုလျှင် မီးမွှေးပြီး ထမင်းချက်ပါတယ်။ ငါးပိရည်ကျို့အိုး
mgyoe.com

တည်ပါတယ်။ ဟင်းတော့ မချက်တတ်ပါသဖြင့် ပါပါ့အမေပဲ ချက်ပါတယ်။ မနက် ညနေ အမေမွေးထားတဲ့ဝက်တွေကို အစာကျွေးရပါတယ်။

အိမ်အလုပ်ဝိုင်းလုပ်ရင်း အိမ်မှာနေရင်းနဲ့ ဇူလိုင်လကုန်ခါနီးမှာ ပါပါနေခဲ့တဲ့ ပုသိမ်က မွန်ကရင်အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီးထံမှ စာလာတယ်။ စာက တော့ ပါပါ့အတွက် အစိုးရထံမှ ထောက်ပံ့ကြေးရရှိတဲ့အတွက် ကျောင်းပြန်လာနေဖို့ပဲ ဖြစ်တယ်။ ဒီစာရတော့ ပထမ ပါပါနားမလည်ဘူး၊ အံ့အားလည်းသင့်တယ်၊ ဘာ ကြောင့်လဲဆိုတော့ ကျောင်းပြန်နေဖို့ အစိုးရထံမှာ ပါပါ တစ်ခါမှ လျှောက်လွှာမတင် ခြင်းကြောင့်ပဲဖြစ်တယ်။ နောက်မှ ပါပါသိရတာကတော့ ပါပါ့အမေက ကျောင်းအုပ် ကြီးထံစာရေးပြီး ပါပါ့အတွက် အစိုးရထံမှ ထောက်ပံ့ကြေးရရန် ဆောင်ရွက်ပေးဖို့ မှာကြားတယ်ဆိုတာ သိရတယ်။ ပါပါ့အဖေဆုံးစ ကျောင်းဖွင့်ချိန်မှာ ပါပါ့အမေက ပါပါ့ကို ကျောင်းတစ်နှစ် ကြိုးစားထားပေးမယ်ဆိုတာ ပြောတယ်။ နောက် ပါပါ့အမေ က ပါပါ့ကို ကျောင်းဆက်နေနိုင်ရန် ကျောင်းအုပ်ကြီးထံ စာရေးပန်ကြားတယ်ဆိုတော့ မိဘများဟာ သားသမီးကို ဘယ်လောက်ချစ်တယ်၊ မိဘကျေးဇူး ဘယ်လောက်ကြီး မားတယ်ဆိုတာ ပါပါ မကြာမကြာပြောပါတယ်။

ပါပါ ကျောင်းပြန်သွားတော့ ငါးတန်းအောင်ထားတဲ့အတွက် ခြောက်တန်းမှာ နေရတယ်။ ကျောင်း နှစ်လနီးပါးမျှ နောက်ကျတော့ အချိန်ပိုယူပြီး မသင်ရသေးတဲ့ သင်ခန်းစာတွေကို လိုက်လံမေးရတယ်။ ပုသိမ် မွန်ကရင်အထက်တန်းကျောင်းမှာ ပါပါ ဆယ်တန်းအောင်တဲ့ ၁၉၃၃ ခုနှစ်အထိ နေခဲ့တယ်။

ပါပါ ကျောင်းမှာနေတုန်း အစိုးရထံမှ အထောက်အပံ့ဟာ ကျောင်းလခနှင့် ထမင်းစရိတ်အတွက်သာ လုံလောက်ပါသဖြင့် ပါပါ့အမေက ပါပါ့ကို မုန့်ဖိုးအဖြစ် တစ်လ လေးကျပ်ပို့ပေးတယ်။ ပါပါနေတဲ့ ဘော်ဒါဆောင်ဟာ နံနက်တိုင်း နာရီဝက် ခန့် ဘော်ဒါကျောင်းသားတွေဟာ အလုပ်လုပ်ရတယ်။ ဘော်ဒါဆောင်အခန်းများ အမှိုက်လှည်းတဲ့အလုပ်၊ မြက်ခုတ်မြက်ပေါက်အလုပ်၊ ရေခပ်တဲ့အလုပ်၊ ထမင်းစားရုံမှာ ထမင်းဟင်းပြင်ဆင်တဲ့အလုပ် အစရှိသည်များဖြစ်ပါတယ်။ အလုပ်ကို တစ်လတစ်ခါ လောက် ဘော်ဒါအုပ်က လှည့်ပေးပါတယ်။ ဘော်ဒါဆောင်အခန်းများ အမှိုက်လှည်းတဲ့ အလုပ်ကို လုပ်ရသော ကျောင်းသားများက ပါပါ့ကိုလာငှားပြီး လုပ်ခိုင်းပါတယ်။ စနေ၊ တနင်္ဂနွေနေ့များမှာ ကျောင်းပိတ်တော့ ကျောင်းသားကြီးများက သူတို့အင်္ကျီ လျှော်ဖွပ်ပေးဖို့ ပါပါ့ကို လာပေးတယ်။ လျှော်ဖွပ်ခ တစ်ထည် နှစ်ပြားပေးပါတယ်။

mgyoe.com

mgyoe.com

ဆပ်ပြာလည်းပေးပါတယ်။ သူတို့ပေးတဲ့ဆပ်ပြာနဲ့ ပါပါ့အင်္ကျီတွေပါ ပါပါ လျှော်ဖွပ်နိုင်ပါတယ်။ ပါပါတို့ကျောင်းနေတဲ့ခေတ်တုန်းက လက်ဖက်ရည်တစ်ခွက် သုံးပြားပါ။ ခေါက်ဆွဲကြော်တစ်ခွက် တစ်မူး(ဆယ်ပြားခန့်)အကောင်းစား စပါယ်ရှယ်တစ်ခွက် တစ်မတ် (နှစ်ဆယ့်ငါးပြားခန့်)၊ ဆံပင်ညှပ်ခ တစ်မူးဖြစ်ပါတယ်။ ဟိုတုန်းက ပိုက်ဆံတန်ဖိုးနဲ့ ယခုခေတ် ပိုက်ဆံတန်ဖိုး ဘယ်လောက်ကွာခြားတယ်ဆိုတာ သိနိုင်ပါတယ်။

ပုသိမ်မြို့ အိုးဘိုတစ်ဖက်ကမ်းလောက်မှာ တောင်သူကုန်းဆိုတာ ရှိတယ်။ ကားရားသီး(မအူပင်ဘက်တွင် ကနစိုးသီးဟုခေါ်သည်)ခေါ်တဲ့ သစ်သီးတော့ရှိတယ်။ ကားရားသီးဆိုတာ အသီးလက်ညှိုးပုံသဏ္ဌာန်ဖြစ်ပြီး အတွဲလိုက်၊ အဆုပ်လိုက်သီးပါတယ်။ မှည့်တော့ အရောင်ညိုလာပါတယ်။ အရသာက ချဉ်ဖြုံးဖြုံးဖြစ်ပါတယ်။ တချို့လည်း ချိုချဉ်ဖြစ်ပါတယ်။ သကြားနှင့်စားလျှင် အရသာပိုရှိပါတယ်။ တောင်သူကုန်းမှာ ကားရားသီးပေါ်ချိန်မှာ ပါပါနဲ့ ကျောင်းနေဖက်အပေါင်းအသင်းတွေဟာ အားတဲ့ စနေနေ့မှာ ကားရားသီး သွားခူးစားကြပါတယ်။ အပျော်သွားတဲ့ သဘောမျိုးပါပဲ။

ပုသိမ်မြို့ကို ဖီလစ်ပိုင်နိုင်ငံက မနီလာဆပ်ကပ် လာရောက်ကပြပါတယ်။ ပါပါတို့ကျောင်းနဲ့ သိပ်မဝေးတဲ့ မိုင်ဒါကွင်းမှာ ကပြပါတယ်။ တစ်လခန့်ကြာပါတယ်။ ကပြပြီး နှစ်ပတ်အကြာမှာ ကျောင်းသူကျောင်းသားတွေကို ရုံဝင်ခ တစ်ဝက်ခနှင့် ကပြပါတယ်။ ပါပါတို့ကျောင်းက ကျောင်းသူကျောင်းသားများ သွားကြပါတယ်။ ပါပါက ပိုက်ဆံမရှိလို့ မသွားနိုင်ပါ။ သွားကြည့်ပြီးပြန်လာတဲ့ ကျောင်းသားတွေ ပြောပြတာကိုပဲ နားအရသာခံပြီး နှစ်သိမ့်နေရတယ်။

ကျောင်းပိတ်တဲ့အခါ ပါပါ အိမ်ပြန်ပါတယ်။ နွေရာသီ ကျောင်းပိတ်ရက်များဆိုလျှင် ပါပါက အိမ်အလုပ်၊ ခြံအလုပ် လုပ်ရတဲ့အပြင် ပါပါ့ဦးလေး နွားများကိုပါ ထိန်းကျောင်းပေးရပါတယ်။ အိမ်အလုပ်ကတော့ သုံးရေသောက်ရေခပ်ရတဲ့အလုပ်ပါပဲ။ ပါပါ့အိမ်က ဒါးကချောင်းကမ်းနားနဲ့နီးလို့ သုံးရေခပ်ရတာ သက်သာသလောက်၊ သောက်ရေကျတော့ မိုင်ဝက်လောက်ဝေးတဲ့ ရေတွင်းမှာ သွားခပ်ရတော့ မသက်သာလှပါ။

ခြံအလုပ်နဲ့ပတ်သက်လို့ ရွာနဲ့ မိုင်ဝက်ကျော်နေရာမှာ ပါပါ့အမေက ခြံလုပ်ပါတယ်။ ငါးဧကခန့် ကျယ်ဝန်းပါတယ်။

အဓိကစိုက်တဲ့အပင်များကတော့ ငှက်ပျောပင်နဲ့ ခရမ်း၊ ပြောင်း၊ တိုင်ထောင်ပဲ

mgyoe.com

mgyoe.com


အစရှိတဲ့ သီးနှံပင်များဖြစ်တယ်။ အမေစိုက်တဲ့ သီးနှံတွေဟာ အောင်မြင်သင့်သလောက် မအောင်မြင်တော့ "မုဆိုးမခြံ ဘယ်လောက်အောင်မြင်မလဲ" လို့ အပြောခံရတယ်။ အဲဒီခြံမှာ စိုက်ထားတဲ့သီးနှံပင်တွေ ပါပါ ကျောင်းပိတ်ပြန်လာတော့ ရေထမ်းလောင်းရ တယ်။ ရေကို သောက်ရေတွင်းကနေ ခပ်လောင်းရင်နီးပေမဲ့ ခြံရေလောင်းဖို့ သောက်ရေ တွင်းကို မသုံးရဘူးဆိုတာနဲ့ ခြံနဲ့ မိုင်ဝက်ကျော်ဝေးတဲ့ ဒါးကချောင်း (လှဲဆိပ်ရွာကို ဖြတ်ဆင်းသွားသော ခဲပေါင်ချောင်း) မှာ ရေသွားခပ်ရတယ်။ သိပ်မသက်သာလှဘူး။ စိုက်ထားတဲ့ငှက်ပျောပင်တွေဟာ ဖီးကြမ်းတွေဖြစ်တယ်။ တစ်ခါတစ်ခါ ကျောင်းပိတ် ပြန်တာနဲ့ ငှက်ပျောခုတ်ရောင်းတာနဲ့ကြုံရင် ခြံကနေ ကမ်းနားထိ (မိုင်ဝက်) ကို ငှက်ပျောခိုင်တွေ ထမ်းပို့ရသေးတယ်။

ပြောခဲ့တဲ့ အိမ်အလုပ်တို့ ခြံအလုပ်တွေကို ညနေပိုင်းမှလုပ်တာ များတာပဲ။ မနက်ပိုင်းမှာတော့ ဦးလေးရဲ့နွားတွေကို ကျောင်းပေးရတယ်။ ရွာက တခြားနွားတွေကို ကျောင်းပေးတဲ့ နွားကျောင်းသားတွေလည်း ရှိကြတယ်။ သူ့နွား၊ ကိုယ့်နွား စသည် ဖြင့်ပေါ့။ ကျောင်းကြတဲ့ နွားကျောင်းသားတွေပါပဲ။ နွားတွေကို ရွာကနေ တစ်မိုင်ကွာ ခန့်မှာရှိတဲ့ စားကျက်လိုနေရာမှာ ကျောင်းကြတယ်။ စုပေါင်းပြီး ကျောင်းကြတာပေါ့။ စားကျက်ရယ်လို့တော့ အတိအကျမဟုတ်ပါဘူး။ ရိတ်သိမ်းပြီး လယ်ကွင်းတွေထဲမှာ ဒါမှမဟုတ် လျှိုမြောင်တွေထဲမှာ ဖြစ်ပါတယ်။ နွားကျောင်းသားဘဝကို ပြန်တွေး ကြည့်တော့ တစ်မျိုးပျော်စရာကောင်းတယ်။ နွားကျောင်းသားတွေမှာ ကိုယ်စီ သားရေ ကြိုးလေးခွတွေရှိတယ်။ လေးခွက လောက်လေးသဘောမျိုးပါပဲ။ ဒါပေမဲ့ သူက ခွပုံသဏ္ဌာန်ရှိတဲ့ သစ်ကိုင်းပြတ် ဒါမှမဟုတ် သစ်သားကို ခွပုံလုပ်ပြီး သားရေကြိုးကို သစ်သားကိုင်းမှာချည်နှောင်ပြီး လောက်စာလုံးနဲ့ပစ်ရတဲ့ လောက်လေးပဲ။ သူ့ကို လေးခွ လို့ခေါ်တာထက် 'ခွ' လို့ပဲ အလွယ်တကူခေါ်ကြတယ်။ နွားတွေကို လွှတ်ကျောင်းတဲ့ လျှိုနား၊ ကမ်းနား ရောက်တဲ့အခါ ပါပါတို့က မြေစေးကိုယူတယ်။ ကော်တယ်။ ဒါမှမဟုတ် တူးတယ်။ နောက်ပြီး လောက်စာလုံးတွေ လုံးတယ်။ လောက်စာလုံးတွေ ရကြပြီဆိုရင် တစ်ခါတလေ ခေါင်ပုံပစ်တမ်း ကစားကြတယ်။ ခေါင်ပုံဆိုတာက လောက်စာလုံးကို သုံးလုံးဖိုခုံလောက်ဆိုင်ထားပြီး အဲဒီပေါ်မှာ တစ်လုံးတင်တယ်။ လေးလုံးကို တစ်ပုံပေါ့။ မကစားမီ တစ်ယောက်ကို ဘယ်နှပုံကြေးဆိုပြီး သတ်မှတ် တယ်။ ဥပမာ – လူသုံးယောက် တစ်ယောက်သုံးပုံ သတ်မှတ်ရင် ကိုးပုံကို အတန်း လိုက်စီလိုက်တယ်။ စီပြီးတော့ ပေ ၅၀၊ ငါးဆယ်အကွာလောက်ကနေ တစ်ယောက်

mgyoe.com

 com 

တစ်လှည့်စီ လောက်စာလုံးနဲ့ လှမ်းပစ်ရတယ်။ ဒီလိုလှမ်းပစ်တဲ့အခါမှာ ရှေ့ဆုံးကပုံကို ထိလို့ စီထားတာတွေ ပြိုသွားရင် ကျန်အပုံတွေအားလုံးကို ရတယ်။ အကယ်၍ စီထားတဲ့အပုံကို မထိလို့ ဒါမှမဟုတ် ပွတ်သီပြီးထိပေမဲ့ အပုံမပြိုရင် မရဘူး။ အကယ် ၍ အလယ်ကအပုံကို ထိပြီးပြိုတယ်ထား၊ အဲဒီအပုံကနေစပြီး နောက်ပိုင်းအပုံတွေအား လုံးကိုရတယ်။ စားရတယ်ပေါ့။ ဒါပေမဲ့ ထိတဲ့အပုံကနေ အရှေ့ပိုင်းဘက် အပုံတွေကို တော့ မစားရဘူး။ ဒါက မကစားမီ ကြိုတင်သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေဖြစ် တယ်။ နောက်ပြီး ဘယ်သူက စပစ်ရမယ်ဆိုတာ စီစဉ်ရသေးတယ်။ စီစဉ်ပုံကတော့ ကစားမယ့်လူသုံးယောက်ဟာ သတ်မှတ်တဲ့တစ်နေရာကို လောက်စာလုံးနဲ့ လှမ်းပစ်ရ တယ်။ လောက်စာလုံးအနီးဆုံးရောက်တဲ့လူက ပထမ စကစားရပြီးနောက် ဒုတိယ၊ တတိယ စသည်ဖြင့် အနီးဆုံးလူက အစဉ်လိုက် ကစားသွားရတယ်။ ထွေခင်းတဲ့ သဘောလိုပါပဲ။

နွားကျောင်းသားတွေအနေနဲ့ ခေါင်ပုံပစ်တမ်း မကစားလျှင် တာပြေးတမ်း ကစားကြတယ်။ ဒါလည်း လောက်စာလုံးတမ်း ကစားကြတယ်။ တာပြေးမယ့်လူနှစ် ယောက်က လောက်စလုံးဘယ်နှလုံးကြေးလောင်းမယ်ဆိုပြီး ပြေးကြတယ်။ ဆားကြည့် နွားကျောင်းသားတွေလည်း ကိုယ်ကြိုက်ရာဘက်ကို ကိုယ်လောင်းကြတယ်။ နွေရာသီ ဖြစ်လို့ တစ်ခါတလေ ပါပါတို့ နွားကျောင်းတဲ့နေရာနဲ့ မနီးမဝေးအရပ်မှာ ဟိုရွာ– ဒီရွာချိန်းပြီး တာပြေးပွဲ ပြုလုပ်ကျင်းပတာလည်းရှိတယ်။ ဒီလိုအခါမှာ ပါပါတို့ နွား ကျောင်းသားတွေ သွားကြည့်ကြတယ်။ တာပြေးပွဲမှာ တစ်ခါတလေ ပန်းဆိုတာကို အသုံးပြုပြီး တစ်ခါတလေ အလွတ်ခုန်တာကို အသုံးပြုတာကို တွေ့ရတယ်။ အလွတ်ခုန် ကို အသုံးပြုပြီး တာပြေးပွဲတစ်ခုမှာ ပြေးတဲ့လူတစ်ယောက်က ပန်းဝင်ခါနီး အလျားခုန် ပြီး ဂျက်ကိုဝင်ခုန်တာ ရှေ့ဝမ်းလျားမှောက်သွားပြီး လက်မောင်းတွေ စုတ်ပြတ်ကုန်တာ ပါပါ တွေ့ခဲ့ရတယ်။ အဲဒီပွဲမှာ လက်စုတ်သွားတဲ့လူက နိုင်သွားတယ်။

တစ်ခါတလေ ပါပါတို့ နွားကျောင်းသားတွေ နွားကျောင်းတုန်း ရွာနီးချုပ်စပ်မှာ ဗုံသံ၊ ဆိုင်းသံကြားလျှင် ယင်းရွာမှာ အလှူအတန်းရှိမှာပဲဆိုပြီး နွားအုပ်ကြီး နွားကျောင်း သားနှစ်ယောက်သုံးယောက်နဲ့ ထားခဲ့ပြီး ကျန်နွားကျောင်းသားတွေက ရွာထဲမှာသွားပြီး အကျွေးအမွေး အရင်ဝင်စားကြတယ်။ ပြန်လာတော့လည်း နွားကျောင်းကျန်ရစ်တဲ့ လူတွေအတွက် စားစရာယူလာခဲ့ပေးကြတယ်။

ပါပါတို့ ရွာတစ်ဖက်ကမ်းမှာ ဆန်စက်ရှိသော်လည်း ပါပါတို့ရွာကလူတွေဟာ

mgyoe.com

များသောအားဖြင့် စပါးကြိတ်၊ မောင်းထောင်းစားကြပါတယ်။ ပါပါလည်း စပါးကြိတ် မောင်းထောင်းရတဲ့နေ့များဆိုလျှင် ဦးလေးနွားတွေကို သွားမကျောင်းပေးနိုင်ဘူး။ ပါပါ့အမေက နှစ်စာဝမ်းစာစပါးကို အိမ်အောက်ရှိ ပုတ်ထဲမှာ လှောင်ထားပါတယ်။ ပုတ်ဆိုတာ ဝါးနဲ့ရက်ထားတဲ့ တောင်းအကြီးစားပါပဲ။ လေလုံအောင် ပုတ်ပတ်ပတ်လည် နွားချေးတွေနဲ့ ကျံထားပါတယ်။ ကြိတ်မယ့်စပါးတွေကို ပုတ်ထဲမှာ ဝင်ကျုံးရပြီး ဖျာကြမ်းပေါ်မှာ နေပူလှန်းရပါတယ်။ ပုတ်ထဲမှာ စပါးကျုံးတဲ့အခါ စပါးမှုန်ရှူရလို့ သိပ်မသက်သာဘူး။ တစ်နေကုန် နေပူလှန်းပြီး နောက်တစ်နေ့ ကြိတ်ဆုံနဲ့ ကြိတ်ရပါတယ်။ ကြိတ်ဆုံကိုမသုံးမီ တစ်နေ့ ကြိုတင်ပြီး ကြိတ်ဆုံ "သွား" တွေကို ပြုပြင်ထားရပါတယ်။ ကြိတ်ဆုံ "သွား" တွေကို မပြုပြင်ထားရင် စပါးကြိတ်တဲ့အခါ စပါးလုံးကောင်းကောင်းမကွဲပါ။ ပါပါ စပါးကြိတ်ခါစ ကောင်းကောင်းမကြိတ်တတ်ပါ။ နောက်ပိုင်းကျတော့ ကျင်လည်သွားပါတယ်။ ပါပါ့အမေက ကြိတ်ပြီးသားစပါးတွေကို ပြာတယ်။ အခွံမကျွတ်သေးတဲ့ စပါးတွေကို ထပ်မံကြိတ်ရတယ်။ နောက် ဆန်တွေကို ခြေနင်း မောင်းနှင့်ထောင်းပြီး ဖွပ်ရပါတယ်။ ကြိတ်ဆုံနဲ့ကြိတ်ပြီး ထွက်လာတဲ့ဖွဲဟာ ဖွဲကြမ်းဖြစ်ပြီး မောင်းထောင်းပြီးထွက်လာတဲ့ဖွဲဟာ ဖွဲနုဖြစ်ပါတယ်။

နွေရာသီကုန်လို့ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာလာတော့ ကျောင်းပြန်ဖွင့်ရက်နီးပြီဆိုတာကို သတိပေးတာနဲ့တူတယ်။ ပါပါတို့နေတဲ့ကျောင်းဟာ ရေအခက်အခဲရှိလို့ မိုးကောင်းကောင်းရွာမှ ကျောင်းပြန်ဖွင့်တယ်။ ဖွင့်နေကျအချိန်ကတော့ မေလကုန်ခါနီး (သို့မဟုတ်) ဇွန်လပထမပတ်ဖြစ်ပါတယ်။ တစ်ခါက မေလကုန်ခါနီးမှ ကျောင်းပြန်ဖွင့်မယ်လို့ ကြေညာထားသော်လည်း မိုးခေါင်လို့ ဇွန်လ ဒုတိယအပတ်ကျမှ ဖွင့်ရတဲ့ အဖြစ်လည်း ရှိခဲ့တယ်။ ဒီလို မိုးရွာပြန်တော့ ကျောင်းသွားဖို့အစီအစဉ် လုပ်ရပြန်တယ်။ အစီအစဉ်လို့သာပြောရတယ်။ တကယ်ဆိုတော့ မည်မည်ရရ အစီအစဉ်မဟုတ်ပါဘူး။ တခြားတတ်နိုင်တဲ့ ကျောင်းသားတွေတော့ သူတို့မိဘများဟာ သူတို့အတွက် ဝတ်ကောင်းထည်ကောင်းတွေ ချုပ်ပေးကြတယ်။ ပါပါကတော့ ပါပါဝတ်ဖို့ လုံချည်ဆိုရင် ပါပါ့အဖေဆုံးပြီး ကျန်တဲ့လုံချည်တွေကို ပြင်ချုပ်ပြီး ပါပါဝတ်ရတယ်။ ကွက်လုံချည်တွေ၊ အဆင်ရင့်ရင့်တွေပေါ့။ ကျောင်းရောက်တော့ ပါပါ ဒီလုံချည်တွေဝတ်တော့ "မင်းအဖေလုံချည် မင်းဝတ်ပါလား" လို့ ပြောဆိုနောက်ပြောင်ခြင်း ခံရပါတယ်။ အင်္ကျီကျပြန်တော့ ပါပါ့အဖေအင်္ကျီတွေကို ပြင်ချုပ်လို့မရတော့ ပါပါ့အတွက် အင်္ကျီချုပ်ရန် ဖျင်စတွေကို ရွာမှာ ဈေးဆိုင်လာဖွင့်တဲ့ တရုတ်ဆိုင်မှာ အမေက မျက်နှာငယ်နဲ့

mgyoe.com

mgyoe.com

အကြွေးသွားဝယ်ရတယ်။ ဟိုတုန်းက ဈေးပေါပြီး အလုပ်ကြမ်းသမားတွေဝတ်တဲ့ လှသီဂီအမည်ရှိတဲ့ ဖျင်ကြမ်းနှင့် ကွက်တိကွက်ကျားဖျင်တွေပဲရလို့ ဒါတွေပဲ ဝယ်ချုပ်ရတယ်။ ပါပါတို့ခေတ်တုန်းက ကွက်တိကွက်ကျားဖျင်တွေဟာ ခေတ်မစားပါဘူး။ ပါပါ့အနေနဲ့ အကြွေးဝယ်လို့ရတဲ့ဖျင်တွေကိုပဲ ချုပ်ဝတ်ရပါတယ်။

မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီး လယ်ထဲမှာ ရေတွေဝင်လာတော့ ဖားတွေ ဆူဆူညံညံနဲ့ အော်နေတာပဲ။ ဒီတော့ ပါပါဟာ သူ့နွားကျောင်းသားအဖော်တွေနဲ့ မီးအုပ်ကိုယ်စီကိုင်ပြီး ဖားရိုက်ကြတယ်။ ပျော်စရာလည်းကောင်းတယ်။ ကြောက်စရာလည်းကောင်းတယ်လို့ ပါပါပြောပါတယ်။ ပျော်စရာကောင်းတာက အပေါင်းအဖော်များနဲ့ ဖားထွက်ရိုက်လို့ပဲ။ ကြောက်စရာကောင်းတာက မြွေတွေကင်းတွေပါပဲ။ ဖားရိုက်တဲ့အခါ တစ်ခါတလေ ဖားကို မြွေကိုက်ထားတာတွေ့တော့ ဖားရောမြွေပါရိုက်ရတဲ့အခါလည်းရှိတယ်။ ရေနံဆီမီးအုပ်နဲ့ ထွက်ရိုက်ရတော့ လေတိုက်လို့ မီးရုတ်တရက် သေသွားတဲ့အခါလည်း ရှိတယ်။ ဖားခုန်တဲ့အရှိန်ကြောင့် ရေဝင်လို့ မီးသေရတဲ့အခါလည်း ရှိတယ်။ မီးခြစ်အမြဲဆောင်ရတယ်။ မီးခြစ်က သစ်သားမီးခြစ်ပါ။ မိုးရွာတဲ့အခါနဲ့ကြုံရင် မီးခြစ်ကိုခြစ်လို့ မရတော့ဘူး။ ရေမစိုအောင် မီးခြစ်ထားဖို့ ဟိုတုန်းက ခုလို ပလတ်စတစ်အိတ်တွေ မပေါ်သေးပါဘူး။

အခုဖော်ပြသွားတဲ့ အဖြစ်အပျက်တွေဟာ နွေရာသီကျောင်းပိတ်ရက် အိမ်ပြန်ရောက်လာတဲ့အခါ ပါပါလုပ်ကိုင်ဆောင်ရွက်ရပြီး တွေ့ကြုံရတဲ့ဘဝဖြစ်ပါတယ်။ သီတင်းကျွတ်ကျောင်းပိတ်လို့ အိမ်ပြန်ရောက်တဲ့အခါမှာတော့ နွေရာသီ ကျောင်းပိတ်ရက်များနှင့် မတူဘူး၊ ကျောင်းပိတ်ရက်လည်းနည်းတယ်။ ၁၅ ရက်ခန့်သာပိတ်တယ်။ အမေလုပ်ကိုင်ထားတဲ့ခြံမှာ မနက်ခင်း ပေါင်းထိုးပေးတယ်။ ပေါင်းထိုးတယ်ဆိုတာ စိုက်ထားတဲ့ သီးနှံပင်ကြားမှာ ပေါက်တဲ့ မြက်ပင်တွေကို တူးရွင်းနှင့်ထိုးပေး၊ ရှင်းပေးတာဖြစ်တယ်။ အပေါင်းအသင်း နွားကျောင်းသားတွေ နွားစာအတွက် မြက်ရိတ်တာတွေ့တော့ ပါပါလည်း မြက်ရိတ်တတ်အောင် မြက်ရိတ်တယ်။ စပါးပေါ်တဲ့အခါလည်း ပါပါ စပါးဝင်ရိတ်တာပဲ။ သိပ်အတတ်ကြီးတော့ မဟုတ်ပါဘူး။ သဘောတရားနားလည်ထားဖို့ပဲဖြစ်ပါတယ်။ သီတင်းကျွတ်ကျောင်းပိတ်ရက်အတွင်းမှာ လယ်တောထဲမှာ ရေတွေရှိနေသေးတယ်။ နွားကျောင်းသား အပေါင်းအသင်းတွေနဲ့ ပါပါ ငါးတွေလိုက်ထောင်တယ်။ "ယက်သုံ" ခေါ်တဲ့ ငါးဖမ်းကိရိယာနဲ့လည်း ငါးတွေကို လိုက်ဖမ်းတယ်။ "မြုံး" ခေါ်တဲ့ ကိရိယာနဲ့လည်း ငါးတွေကို ထောင်ဖမ်းတယ်။ ပါပါ စိတ်အဝင်စား

mgyoe.com

ဆုံးကကော့ လယ်နားကန်သင်း(ကဇင်း)ပေါ်မှာတွေ့တတ်တဲ့ ပုစွန်လုံးတွင်း၊ ကဏန်းတွင်းတွေ နှိုက်တဲ့အခါပဲ။ ပါပါ တစ်ခါနှစ်ခါ နှိုက်ဖူးပါတယ်။ ကံဆိုးချင်တဲ့လူတွေကျတော့ မြွေတွေနှိုက်မိတဲ့အခါလည်း ရှိတယ်။

ညဘက်ကျ ကျောင်းသင်ခန်းစာများဖတ်ရန် ပါပါ ကြိုးစားပါတယ်။ ခြင်ကိုက်လွန်းတဲ့အတွက် မဖတ်နိုင်ပါ။ ညအိပ်တဲ့အခါ ထောင်စရာခြင်ထောင်မရှိလို့ ခြင်မကိုက်အောင် အိမ်အောက်မှာ မီးမွှေးပြီးအိပ်ရပါတယ်။ တက်လာတဲ့ မီးခိုးအရှိန်ကြောင့် ခြင်များ လွင့်စဉ်ကုန်ပါတယ်။ မီးခိုးကိုရှူရှိုက်ရင်း ပါပါတို့မိသားစုတွေ အိပ်ကြရပါတယ်။ မအိပ်မီ တစ်ခါတလေ ပါပါ့အမေက ပါပါ့ကို တောမှာနေပြီး နေထိုင်စားသောက်ရတဲ့အကြောင်းကို ပြောပြပါတယ်။ ပါပါ့အဖေဆုံးပြီးနောက် "လူမလေး ခွေးမခန့်" ခံရတဲ့အကြောင်းတွေလည်း ပြောပြပါတယ်။ အိမ်အောက်မှာ မွေးထားတဲ့ ကြက်ဘဲတွေလည်း ရွာက ဘိန်းစားသူခိုးတွေ ဖြောင်လာခိုးတဲ့အကြောင်း၊ ပါပါ့အမေ နီးရက်နဲ့ ဖြောင်ယူသွားတဲ့အကြောင်း ပါပါ့အမေက ပါပါ့ကို ပြောပြပါတယ်။ ပါပါ့အမေက ဝမ်းနည်းစကားတွေပြောတော့ ဘဝဆိုတာ ဒီလိုချည်းဆင်းရဲနေမှာမဟုတ်ဘူး။ ပြန်ကောင်းစားတဲ့အခါလည်း ရှိမှာပဲဆိုပြီး ပါပါက ပါပါ့အမေကို အားပေးစကားပြောရပါတယ်။ (ပါပါ ဝန်ကြီးဖြစ်တယ်။ သမ္မတဖြစ်စဉ် ပါပါ့အမေကို ပါပါ ခေါ်ထားပါတယ်။)

၁၉၃၃ ခု မတ်လဖြစ်ပါတယ်။ ပါပါတို့ ဆယ်တန်းအစိုးရစာမေးပွဲ ဝင်ဖြေရမယ့်လဖြစ်ပါတယ်။ ပါပါ ဆယ်တန်းစာမေးပွဲ ဝင်မဖြေမီ သုံးလေးလအလိုမှာပင် ပါပါ ကျောင်းနေဖက်သူငယ်ချင်း ဦးဝီ(လ်)ဆင်သိန်းအိမ်မှာ စာသွားဖတ်ပါတယ်။ (ယခု အကောက်တော်ဌာန လက်ထောက်မင်းကြီး အငြိမ်းစား ဦးဝီ(လ်)ဆင်သိန်းတို့အဖေ၊ အမေဟာ ကျောင်းဝင်းထဲမှာရှိတဲ့အိမ်တစ်အိမ်မှာ နေကြတယ်။ စာမေးပွဲဖြေဆိုတဲ့ရက်များအတွင်း ဆယ်တန်းဘော်ဒါ ကျောင်းသူကျောင်းသားတွေကို ထမင်းကောင်း၊ ဟင်းကောင်းကျွေးရမယ်ဆိုပြီး ကျောင်းအုပ်ကြီးက ဘော်ဒါအုပ်ကို ညွှန်ကြားပါတယ်။ စားနေကြ မနက်ဘက် ထမင်း၊ ငါးပိရည်နှင့်တို့စရာ၊ ညနေဘက် ထမင်းနဲ့ပဲဟင်းနဲ့စာလျှင် စာမေးပွဲအတွင်း စားသောက်ရတဲ့ ထမင်းဟင်းတွေဟာ ပိုကောင်းပါတယ်။

စာမေးပွဲလည်းဖြေဆိုပြီးပြီ။ ကျောင်းလည်းပိတ်ပြီ။ သို့သော် ပါပါ ရွာမပြန်ဘဲ ကျောင်းအုပ်ကြီးအိမ်မှာပဲ နေရစ်ခဲ့ပါတယ်။ ကျောင်းအုပ်ကြီးက ဦးရွှေတောဖြစ်ပါတယ်။ (ယခု ရာထူးဝန်အငြိမ်းစား)ပါပါတို့ အင်္ဂလိပ်ခေတ်တုန်းက "ချက်၊ ထိုး၊ မောင်း၊ နှင်း

mgyoe.com

mgyoe.com
အလုပ်ဆိုတဲ့ ဝေါဟာရစကား ပေါ်ခဲ့ပါတယ်။ အင်္ဂလိပ်အရာရှိများအိမ်မှာ ထမင်းချက် သတ်သတ်တစ်ယောက်၊ စားပွဲထိုးသတ်သတ်တစ်ယောက်၊ ကားမောင်းတဲ့လူသတ်သတ် တစ်ယောက် ငှားရမ်းပြီးခိုင်းပါတယ်။ မြန်မာအရာရှိများအိမ်နှင့် အထက်တန်းလွှာအိမ်များမှာတော့ ငှားရမ်းထားတဲ့လူတစ်ယောက်ကိုပဲ ထမင်းချက်ခိုင်းတယ်၊ စားပွဲထိုးခိုင်းတယ်၊ ကားမောင်းခိုင်းတယ်။ ညဆိုလည်း အညောင်းအညာပြေနင်းခိုင်းတယ်။ ဒါကြောင့် "ချက်၊ ထိုး၊ မောင်း၊ နင်းအလုပ်" ဆိုတဲ့ ဝေါဟာရစကားပေါ်လာခြင်းဖြစ်ပါတယ်။ ကျောင်းအုပ်ကြီးအိမ်မှာ ပါပါနေတာ ချက်ထိုးအလုပ်ပဲ လုပ်ရပါတယ်။

## ကောလိပ်မှာနေစဉ်

၁၉၃၃ ခု၊ ဧပြီလမှာ ဆယ်တန်းစာမေးပွဲအောင်စာရင်း ထွက်လာပါတယ်။ ပါပါ အောင်ပါတယ်။ ပါပါသူငယ်ချင်း ဦးဝိ(လ်)ဆင်သိန်းလည်း အောင်ပါတယ်။ ဦးဝိ(လ်)ဆင်သိန်းကို သူ့မိဘများက သူ့ကို ကောလိပ်ဆက်ထားမယ်ဖြစ်လို့ ရန်ကုန်မြို့၊ ဂျပ်ဆင်ကောလိပ်ကို သူက ကောလိပ်ဝင်ခွင့်လျှောက်လွှာ လှမ်းရေးတောင်းတယ်။ ပါပါ့ခေတ်တုန်းက ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရအထိ သင်တဲ့ကောလိပ်ဟာ ယူနီဗာစီတီကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်သွားတာလည်း နီးစပ်ရာသဘောမျိုးလည်းရှိတယ်။ စရိတ်စက အပေါ်မှာလည်း တည်ပါတယ်။ ဂျပ်ဆင်ကောလိပ်ဟာ အမေရိကန်သာသနာပြုအဖွဲ့ဖွင့်လှစ်ထားတဲ့ ကောလိပ်ဖြစ်လို့ အမေရိကန်သာသနာပြုကျောင်းမှာ ဆယ်တန်းအောင်တဲ့ ကျောင်းသားတွေဟာ များသောအားဖြင့် ဂျပ်ဆင်ကောလိပ်ကို သွားကြပါတယ်။ စရိတ်စကအနေနဲ့ကြည့်မယ်ဆိုလျှင် ယူနီဗာစီတီမှာ ဘော်ဒါဆောင်ခ တစ်လ ၂၅ ကျပ်ပေးရပါတယ်။ ဂျပ်ဆင်မှာတော့ တစ်လ ၂၀ ကျပ်ပဲပေးရတယ်။ အထွေထွေစရိတ်ကျတော့ ယူနီဗာစီတီက ပိုကုန်ပါတယ်။ ဥပမာပြောရလျှင် တန်ဆောင်တိုင်မီးထွန်းပွဲမှာ ယူနီဗာစီတီကောလိပ်အဆောင်တွေမှာ မီးထွန်းပွဲ တခမ်းတနားလုပ်တဲ့အပြင် အငြိမ့်တွေသွင်းပြီး တခြိမ့်ခြိမ့်ကတယ်။ အဲဒီအချိန်မှာ ယူနီဗာစီတီကောလိပ်ဟာ ဘီအေအေ (ယခု အောင်ဆန်းကွင်း) ဘောလုံးကွင်းမှာကျင်းပတဲ့ ဘောလုံးပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ဘောလုံးပွဲနိုင်တဲ့အခါ အောင်ပွဲခံအငြိမ့်သွင်းနဲ့ ဆူနေတာပဲ။ အဲဒီလိုကုန်ကျတဲ့စရိတ်တွေဟာ ကျောင်းသားတွေ စုခံရတာပါ။ ဂျပ်ဆင်ကောလိပ်မှာတော့ ဒါမျိုးမရှိဘူး။ ယူနီဗာစီတီကောလိပ်မှာ အစိုးရအရာရှိကြီးများရဲ့ သားသမီးများနှင့် ငွေကြေးအကုန်အကျခံနိုင်တဲ့လူတွေရဲ့ သားသမီးများ အနေများပါတယ်။
mgyoe.com

mgyoe.com

ဦးဝိ(လ်)ဆင်သိန်းရေးတောင်းတဲ့ ကောလိပ်ဝင်ခွင့်လျှောက်လွှာဟာ မကြာမီ ရောက်လာပါတယ်။ ပါပါလည်း ဆယ်တန်းသာအောင်တယ်။ ဘာလုပ်ရမှန်းမသိဘူး။ ဆယ်တန်းအောင်တဲ့လူတွေ ကောလိပ်သွားဖို့ ပြင်ဆင်ကြတော့ ပါပါလည်း သွားချင်တာပဲ။ အဲဒီအချိန်မှာ ကျောင်းအုပ်ကြီး ဦးရွှေတောက ပါပါ့ကို ဘာပြောသလဲဆိုတော့ ဂျပ်ဆင်ကောလိပ်မှာ မရှိဆင်းရဲတဲ့ကျောင်းသားတွေကို တစ်လ ၂၀ ကျပ် ထောက်ပံ့တဲ့ စနစ်ရှိတယ်။ အဲဒီထောက်ပံ့ကြေးကိုရတဲ့ ကောလိပ်ကျောင်းသားတွေဟာ ကျောင်းအုပ်ကြီးခိုင်းတဲ့အလုပ်တွေကို လုပ်ရတယ်။ အဲဒီထောက်ပံ့ကြေးကို ပါပါလိုချင်လျှင် သူလျှောက်ပေးမယ့်အကြောင်း၊ ကျောင်းအုပ်ကြီး ဦးရွှေတောက ပါပါ့ကို ပြောပါတယ်။ ဂျပ်ဆင်ကောလိပ်မှ တစ်လ ထောက်ပံ့ကြေး ၂၀ ကျော်ရရင် ပါပါ့အတွက် ဘော်ဒါစရိတ်တော့ ကျေမှာပဲ။ ကျောင်းလခ၊ စာအုပ်ဖိုး၊ မုန့်ပဲသရေစာဖိုး အစရှိသည်တို့လည်း လိုဦးမယ်။ အဲဒီတုန်းက ကျောင်းလခ တစ်လ ၁၂ ကျပ်ဖြစ်ပါတယ်။ ပါပါ ဆယ်တန်းအောင်တဲ့နှစ်မှာ ပါပါ့အစ်မကြီးလည်း မော်လမြိုင်အမေရိကန်ဆေးရုံမှာ သူနာပြုဆရာမသင်တန်းအောင်မြင်ပြီး ယင်းဆေးရုံမှာပင် သူနာပြုဆရာမအလုပ် ပြန်ရပါတယ်။ ပါပါ့အစ်မကြီးက ပါပါ့ကို တစ်လ ကျပ် ၂၀ ထောက်ပံ့နိုင်မယ်ဖြစ်တော့ ကျောင်းအုပ်ကြီးဦးရွှေတောပြောတဲ့ ဂျပ်ဆင်ကောလိပ်မှာ တစ်လ ၂၀ ကျပ် ထောက်ပံ့ကြေးကို လျှောက်ပေးဖို့ ကျောင်းအုပ်ကြီးကို ပါပါက မေတ္တာရပ်ခံပါတယ်။

ကျောင်းအုပ်ကြီး ဦးရွှေတော လျှောက်ပေးလို့ ဂျပ်ဆင်ကောလိပ်မှာ ပါပါ ထောက်ပံ့ကြေး တစ်လ ၂၀ ရတယ်။ ပါပါ့အစ်မကြီးကလည်း ပါပါ့ကို တစ်လ ၂၀ ထောက်မယ်ဖြစ်တော့ ပါပါလည်း ကောလိပ်သွားမယ့် တခြားကျောင်းသားများနည်းတူ ကောလိပ်ဖွင့်ရက်ကို စောင့်မျှော်နေတယ်။ ဂျပ်ဆင်ကောလိပ်ဟာ ကျောင်းသူ၊ ကျောင်းသားသစ်လွင်များအတွက် ဇွန်လပထမပတ်မှာ ဖွင့်လှစ်မယ်ဖြစ်ပါတယ်။ ကောလိပ်ကျောင်းမသွားမီ ပါပါ ရွာပြန်ပြီး ပါပါ့အမေကို ကန်တော့နှုတ်ဆက်ပါတယ်။ ကောလိပ်ကျောင်းဖွင့်တော့ အပေါင်းအဖော်များနှင့်အတူ ပုသိမ်မှနေ၍ ရန်ကုန်သို့ မီးသင်္ဘောနှင့် သွားကြတယ်။ ပါပါအနေနဲ့ တစ်ခါမှ ရန်ကုန်မရောက်ဖူးဘူး။ ယခု ကောလိပ်သွားမှပဲ ရန်ကုန်ကို ရောက်သွားတယ်။ ရေဝတီမီးသင်္ဘောဟာ ပုသိမ်မှ မွန်းလွဲ ၂း၃၀ အချိန်မှာ ထွက်တယ်။ တစ်ညလုံးမောင်းပြီး တွံတေးတူးမြောင်းထဲကို မိုးလင်းတော့ ရောက်လာတယ်။ တူးမြောင်းထဲမှာ သင်္ဘော ဖြည်းဖြည်းပဲ ခုတ်မောင်းတယ်။ ရန်ကုန်မော်တင်ဆိပ်ကမ်းကို နံနက် ၈ နာရီအချိန်မှာ ဆိုက်ကပ်တယ်။

mgyoe.com

မော်တင်ဆိပ်ကမ်းကနေပြီး ဂျပ်ဆင်ကောလိပ်သို့ အဖော်များနှင့် အတူသွားကြတယ်။ လမ်းမှာ တိုက်တာအဆောက်အအုံတွေ၊ မော်တော်ကားကြီးတွေ၊ ဓာတ်ရထားတွေကို ပါပါတွေ့ရတော့ ပါပါ့အတွက် အသစ်အဆန်းတွေချည်းဖြစ်နေတယ်။ ဂျပ်ဆင်ကောလိပ်ရောက်တော့ ပါပါနေရမယ့်အဆောင်ကို သွားတယ်။ အဆောင်ကတော့ 'ဝယ်လင်တန်' ဆောင်ဖြစ်ပါတယ်။ ဂျပ်ဆင်ကောလိပ်မှာ ယောကျ်ားနေဖို့ အဆောင်နှစ်ဆောင်နဲ့ မိန်းမနေဖို့ အဆောင်တစ်ဆောင်ပဲ ရှိတယ်။ ယောကျ်ားအဆောင်က 'ဝယ်လင်တန်' အပြင် နော့ဆောင် (North Hall)(ဥတ္တရဆောင်)ဖြစ်ပါတယ်။ ဝယ်လင်တန်ဆောင်မှာ ပါပါနေရတဲ့အခန်းနံပါတ်က ၃၆ ဖြစ်ပါတယ်။ ဟိုတုန်းက ဘော်ဒါဆောင်မှာ တစ်ယောက်ခန်း၊ နှစ်ယောက်ခန်းလို့ရှိတယ်။ ပါပါနေတဲ့အခန်းက တစ်ယောက်ခန်းပဲ။

နောက်နေ့ မောင်မယ်သစ်လွင်တွေဟာ ဂျပ်ဆင်ကောလိပ်ခန်းမဆောင်ကို သွားကြရတယ်။ ကောလိပ်ကျောင်းအုပ်ကြီးက မောင်မယ်သစ်လွင်တွေကို နှုတ်ဆက်ဩဝါဒစကားပြောတယ်။ ကောလိပ်ကျောင်းအုပ်ကြီးဟာ အမေရိကန်လူမျိုးဖြစ်ပြီး နာမည်က မစ္စတာဂျူရီဖြစ်ပါတယ်။ နောက် ကျောင်းဆရာတစ်ယောက်က ကောလိပ်မှာသင်ကြားတဲ့ ဘာသာရပ်များနဲ့ ဘာသာတွဲအကြောင်းများကို ရှင်းပြတယ်။ ၎င်းနောက် စာသင်ခန်းများကို လိုက်လံပြသတယ်။ မောင်မယ်သစ်လွင်တွေဟာ များသောအားဖြင့် ကောလိပ်မရောက်မီကပင် မည်သည့်ဘာသာတွဲယူမယ်ဆိုတာ စိတ်ကူးဆုံးဖြတ်လာကြပါတယ်။ ပါပါကတော့ ရာဇဝင်ဘာသာ၊ ဘောဂဗေဒဘာသာနှင့် စိတ္တဗေဒဘာသာတွဲကို ယူတယ်။ ပါပါတို့ခေတ်တုန်းက ကောလိပ်ပညာရေးစနစ်ဟာ ပထမနှစ်နှစ်မှာ ဥပစာတန်းမှာသင်ပြီး အောင်ပြီးမှ ဝိဇ္ဇာ သို့မဟုတ် သိပ္ပံတန်းသို့ တက်သင်ရတယ်။ ဝိဇ္ဇာ/သိပ္ပံတန်းလည်း နှစ်နှစ်ပဲ။

မောင်မယ်သစ်လွင်တွေကို မနက်ပိုင်းမှာ ကောလိပ်ကျောင်းမှာ ပြောစရာတွေ ညွှန်ကြားစရာတွေပြောပြီး နေ့လယ်ထမင်းစားပြီးချိန်မှာ မြို့ထဲကို အာ(ရ်)အီးတီ(RET) ဘတ်(စ်)ကားကြီးတွေနဲ့ လိုက်လံပြသတယ်။ တစ်မြို့လုံးနှံ့လို့ပဲ။ ပါပါအတွက်တော့ အကုန် အသစ်အဆန်းပဲ။ တောသားမြို့ရောက်တဲ့သဘောပဲ။ လမ်းမတော် သံဈေးရောက်တော့ သံဈေးနဲ့ မျက်နှာချင်းဆိုင်နေရာတစ်နေရာမှာ တရုတ်အပေါင်ဆိုင်ရှိတယ်။ တရုတ်စာနဲ့ ခံ့ခံ့ညားညားရေးထားတယ်။ ပါပါတို့နဲ့အတူပါလာတဲ့ ရှမ်းပြည်က ကျောင်းသားတစ်ယောက်က ဒီအပေါင်ဆိုင်ကိုတွေ့တော့ လက်ညှိုးထိုးပြီး "ဟိုမှာ

mgyoe.com

ကြည့်ထားကြ၊ ကြည့်ထားကြ၊ ဒါ တို့ နောက်အဖော်လုပ်ရမယ့်ဆိုင်" ဆိုပြီးပြောတော့ ကျန်ကျောင်းသားတွေက ပြုံးကြတယ်။

မောင်မယ်သစ်လွင်နေ့များဟာ တစ်ပတ်တည်းကြာပါတယ်။ နောက်ကျောင်းသားကြီးတွေပြန်ရောက်ပြီး ကောလိပ်ကျောင်းဖွင့်ပါတယ်။ ပါပါတို့ခေတ်တုန်းက ကျောင်းတက်တဲ့အခါ တိုက်ပုံအပေါ်ခံအင်္ကျီဝတ်ဆင်တက်ရပါတယ်။ ရှပ်အင်္ကျီက အင်္ဂလိပ်ကော်လာအင်္ကျီမဟုတ်ပါ။ ဗမာကော်လာပါ။ ထမင်းစားခန်းမှာ ထမင်းစားသွားတော့ အပေါ်အင်္ကျီ ဝတ်သွားရပါတယ်။ မြို့ထဲသွားတဲ့အခါလည်း အပေါ်အင်္ကျီ ဝတ်သွားတယ်။ ဒါကြောင့် ပါပါတို့ခေတ်တုန်းက ပြောစမှတ်ရှိတာက ကောလိပ်ကျောင်းသားတွေ မြို့ထဲလာရင် ကောလိပ်ကျောင်းသားမှန်းသိတယ်လို့ ပြောကြတယ်။

ဂျပ်ဆင်ကောလိပ်မှာ ပါပါ့လို ထောက်ပံ့ကြေးယူပြီး ကျောင်းနေတဲ့ကျောင်းသားတွေရှိတယ်။ ထောက်ပံ့ကြေးယူတဲ့ကျောင်းသားတွေ လုပ်ရတဲ့အလုပ်တွေဟာ စာကြည့်တိုက်မှာ စာအုပ်လာငှားတဲ့ကျောင်းသားတွေကို စာအုပ်ထုတ်ပေးရတယ်။ ကျောင်းခေါ်ကြိမ်ပေါင်း စာရင်းစာအုပ်များကို တစ်လတစ်ခါ ကြည့်ရှုစစ်ဆေးပြီး ကျောင်းခေါ်ကြိမ်ပေါင်းမပြည့်တဲ့ ကျောင်းသားနာမည်တွေကို ကျောင်းအုပ်ကြီးထံ တင်ပြရတယ်။ ကျောင်းသားများအတွက် စာတိုက်မှရောက်လာတဲ့စာများကို ဝေငှပေးရတယ်။ ထမင်းစားရုံကို ကြည့်ရှုစီမံခန့်ခွဲရတယ်။ စားပွဲထိုးပေးတဲ့အလုပ်လည်း ပါဝင်ပါတယ်။ ဒီအလုပ်တွေကို ကျောင်းအုပ်ကြီးက ထောက်ပံ့ကြေးယူတဲ့ ကျောင်းသားတွေကို ခွဲဝေပေးတယ်။

ပါပါတို့ကျောင်းနေတဲ့ ခေတ်တုန်းကဆိုလျှင် မြို့ထဲမှာ ပြေးဆွဲနေတဲ့ ကားတွေဟာ အာ(ရ်)အီးတီ(RET)ကုမ္ပဏီပိုင် ဘတ်(စ်)ကားနှင့် အရပ်သားပိုင် ဘတ်(စ်)ကား ရှိတယ်။ အာ(ရ်)အီးတီပိုင်ကားတွေ ပြေးဆွဲတဲ့ကားလိုင်းဆိုရင် လိုင်းအလိုက် ခွဲခြားသိနိုင်ရန်ကား ရှေ့အပေါ်မှာ တံဆိပ်တပ်ပေးတယ်။ သိမ်ကြီးဈေးမှာ ဂိတ်ထိုးပြီး အင်းစိန် ပြေးဆွဲတဲ့ကားဆိုရင် မြင်းခေါင်းတံဆိပ်၊ မင်္ဂလာဒုံဆိုလျှင် လေယာဉ်ပျံတံဆိပ်၊ ကောလိပ်ကျောင်းဆိုလျှင် နဂါးတံဆိပ် အစရှိသည်တို့ဖြစ်တယ်။ နဂါးတံဆိပ် ဘတ်(စ်)ကား စီးတဲ့ခရီးသည်ဆိုလျှင် ကောလိပ်ကျောင်းသားများပါတယ်။

ပိုက်ဆံတတ်နိုင်တဲ့ကျောင်းသားတွေက တစ်ပတ်တစ်ခါလောက် အနည်းဆုံး မြို့ထဲသွားကြတယ်။ ပါပါကျတော့ တစ်လမှတစ်ခါ သွားနိုင်ပါတယ်။ ရုပ်ရှင်ကြည့်တော့ တစ်မတ်တန်းမှာပဲ ကြည့်နိုင်တယ်။ ပါပါတို့ခေတ်တုန်းက တစ်မတ် ၂၅

mgyoe.com

mgyoe.com


ပြားတန်းဟာ ရှေ့ဆုံးဖြစ်ပြီး အဖိုးအနည်းဆုံးအတန်းဖြစ်တယ်။

ပါပါ ဥပစာတန်းမှာ ဘောဂဗေဒဘာသာယူထားလို့ လက်တွေ့လေ့လာရေးခရီး ထွက်ရတာရှိတယ်။ အဲဒီတုန်းက ကမာရွတ်မှာ ထီးလုပ်ငန်းနှင့် ဆပ်ပြာလုပ်ငန်းလုပ်တဲ့ အီစီမဒါးကုမ္ပဏီအလုပ်ရုံရှိတယ်။ (ယခုပြည်သူပိုင်သိမ်း) ဆပ်ပြာချက်တဲ့လုပ်ငန်းနှင့် ထီးလုပ်ငန်းတွေ လေ့လာရန် ပါပါတို့ ဘောဂဗေဒဘာသာယူတဲ့ ကျောင်းသားတွေ သွားကြတယ်။ စက်ရုံမန်နေဂျာက ဆပ်ပြာချက်ပုံချက်နည်း အစကအဆုံး လိုက်လံပြတယ်။ နောက် ထီးလုပ်ငန်းကိုလည်း လိုက်လံပြသတယ်။ အဲဒီလို လေ့လာကြည့်ရှုပြီး ကောလိပ်ကျောင်းပြန်ရောက်တော့ အစီရင်ခံစာရေးပြီး ဆရာ့ဆီ တင်ပြရတယ်။ အလွန် စိတ်ဝင်စားစရာကောင်းပါတယ်။ မှော်ဘီအစိုးရစိုက်ပျိုးရေးဥယျာဉ်ကိုလည်း သွားပြီး လေ့လာရပါတယ်။ သွားတဲ့အချိန်က စပါးတွေ မသီး၊ မမှည့်တဲ့အချိန်ပါ။ လယ်ကွင်းထဲရောက်တော့ အဝတ်အိတ်နဲ့စွပ်ထားတာ တွေ့ရပါတယ်။ စမ်းသပ်စပါးပင်များဖြစ်လို့ မျိုးမတူတဲ့စပါးပင်မှ ဝတ်ဆံမကူးအောင် အိတ်စွပ်ထားရခြင်းဖြစ်ကြောင်း၊ အကယ်၍ ဝတ်ဆံကူးလျှင် မျိုးသန့်မဖြစ်နိုင်တော့ကြောင်း စိုက်ပျိုးရေးအရာရှိ ပြောပြပါတယ်။ ၎င်းပြင် ဘဏ်နှင့်ပတ်သက်တဲ့လုပ်ငန်းတွေလည်း သွားရောက်လေ့လာရပါတယ်။ မွန်းလွဲပိုင်းအချိန်မှာ သွားရပါတယ်။ မွန်းလွဲပိုင်းသွားရခြင်းအကြောင်းမှာ ထိုစဉ်က ဘဏ်တွေ လေးငါးဘဏ်ထက်မနည်းရှိပါတယ်။ တစ်ဘဏ်နှင့်တစ်ဘဏ် စာရင်းအပြောင်းအလွှဲကို မွန်းလွဲပိုင်းမှာ လုပ်ကြပါတယ်။ စာရင်းအပြောင်းအလွှဲလုပ်စဉ် ပါပါတို့ သွားရောက်ကြည့်ရှုလေ့လာခြင်းဖြစ်ပါတယ်။ စာရင်းအပြောင်းအလွှဲလုပ်ငန်း ကြည့်ရှုလေ့လာပြီး ပါပါတို့ အစိုးရဘဏ်ကို သွားကြတယ်။ အင်္ဂလိပ်လို (Government Treasury) လို့ခေါ်ပါတယ်။ တိုင်းပြည်မှာ အသုံးပြုတဲ့ ငွေစက္ကူကိုထုတ်ပေးတဲ့ဘဏ်ဖြစ်ပါတယ်။ ငွေစက္ကူသစ် မထုတ်ပေးမီ ငွေစက္ကူဟောင်းများကို မီးရှို့ပစ်ပါတယ်။ ပါပါတို့ရောက်တဲ့အချိန်မှာ ငွေစက္ကူဟောင်းတွေ မီးစတင်ရှို့ပစ်တဲ့အချိန်ဖြစ်ပါတယ်။ ငွေစက္ကူဟောင်းတွေကို မီးမရှို့မီ နံပါတ်ရှိတဲ့နေရာကို စက္ကူဖောက်ကိရိယာနှင့် ဖောက်ပစ်ပါတယ်။ မီးလောင်နေတဲ့စက္ကူတွေကို ဘဏ်မန်နေဂျာက ပါပါတို့ကို ပြရင်း ဘာပြောသလဲဆိုတော့ 'မင်းတို့လာမယ်မှန်း ငါမသိဘူး၊ သိရင် ဘယ် ဒီငွေစက္ကူတွေ မီးရှို့ပစ်မှာလဲ မင်းတို့ကိုပေးမှာပေါ့' ဆိုပြီး ရယ်စရာပြောပါတယ်။

ဂျပ်ဆင်ကောလိပ်မှာ ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ဆိုတာရှိတယ်။ အစိုးရနှင့် မပတ်သက်ပါဘူး။ စေတနာ့ဝန်ထမ်းအလုပ်သက်သက်ဖြစ်ပြီး ကျောင်းဆရာတချို့က

mgyoe.com

ဦးစီးခေါင်းဆောင်တဲ့အလုပ်ဖြစ်တယ်။ ကျေးရွာသွားပြီး ကျေးရွာသန့်ရှင်းရေး၊ ရွာသူရွာသားများကျန်းမာရေး အစရှိတဲ့ လူမှုဝန်ထမ်းလုပ်ငန်းတွေကို ဆောင်ရွက်ရပါတယ်။ အားတဲ့နေ့ဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့မှာ သွားရပါတယ်။ ရွာများကတော့ ရန်ကုန်နှင့် အင်းစိန်အနီးအနားရွာများဖြစ်ပါတယ်။ ပါပါလည်း အဖော်ကောင်းလို့ သုံးလေးခါ သွားဖူးပါတယ်။

ပါပါ ဥပစာတန်းအောင်ပြီး ဝိဇ္ဇာတန်း(ဘီအေ)ရောက်တော့ အင်္ဂလိပ်စာပေ ခေတ်ရာဇဝင်နှင့် နိုင်ငံရေးသိပ္ပံဘာသာတွဲယူပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာကို ဂျပ်ဆင်ကောလိပ်မှာ သင်ကြားမယ့်ဆရာမရှိတော့ ပါပါတို့ ယူနီဗာစီတီ(တက္ကသိုလ်)ကောလိပ်မှာ သွားသင်ရပါတယ်။ သင်ကြားတဲ့ဆရာက အင်္ဂလိပ်လူမျိုး ပါမောက္ခဘရွတ်ဖြစ်ပါတယ်။ ပါပါ တက္ကသိုလ်ဘက်မှာ သွားရောက်ပြီး စာသင်ကြားရတဲ့အတွက် တက္ကသိုလ်ကျောင်းသားတချို့နဲ့ သိကျွမ်းခဲ့ရပါတယ်။ တက္ကသိုလ်ကျောင်းသားတချို့နဲ့သိလို့ တန်ဆောင်တိုင်မီးထွန်းပွဲလုပ်ပြီး အငြိမ့်သွင်းတဲ့အခါ၊ ဘောလုံးပွဲ ဖလားရလို့ အောင်ပွဲခံပြီး အငြိမ့်သွင်းတဲ့အခါ ပါပါ့ကို အမြဲဖိတ်ပါတယ်။ ပါပါလည်း အလကားကြည့်ရတဲ့ပွဲတွေဖြစ်လို့ မလွတ်တမ်းသွားပါတယ်။

တက္ကသိုလ်ကောလိပ်မှာ အရှေ့ပိုင်းဆိုင်ရာ၊ ရာဇဝင်ပါမောက္ခ မစ္စတာလု့(စ်) (Mr.G,H. Luce) ဆိုတာရှိပါတယ်။ သူက ဗမာပြည်မှာရှိတဲ့ လူမျိုးစုတွေရဲ့ ဘာသာစကားတွေကို လေ့လာသုတေသနလုပ်ပါတယ်။ အဲဒီလို လေ့လာသုတေသနလုပ်တဲ့အခါ တစ်ယောက်က မော်လမြိုင်ဘက်မှ မွန်ကရင်ဖြစ်ပြီး တစ်ယောက်က မြစ်ဝကျွန်းပေါ်ဘက်မှ မွန်ကရင်အလိုရှိကြောင်း၊ ပါမောက္ခလု့(စ်)က ဂျပ်ဆင်ကောလိပ် ကရင်အမျိုးသားဆရာ ဂျွန်ဆင်ခန့်ကြီးအား ပြောပါတယ်။ ဆရာဂျွန်ဆင်ခန့်ကြီးက မော်လမြိုင်ဘက်က စောဂစ်(ဘ်)ဆင်နှင့် မြစ်ဝကျွန်းပေါ်ဘက်မှ ပါပါကို တာဝန်ပေးပါတယ်။ (ပါပါဟာ ပုသိမ်မြို့ မွန်ကရင်အထက်တန်းကျောင်းမှာနေစဉ် မွန်ကရင် ဘာသာစကားကို ကောင်းမွန်စွာ ရေးပြောဖတ်တတ်ပါတယ်။ ၎င်းပြင် ပါပါ့အဖေဟာ မွန်ကရင်လူမျိုးဖြစ်ပြီး ပါပါနေထိုင်ကြီးပြင်းလာတဲ့ လှဲဆိပ်ရွာ ကရင်ပိုင်ဟာ မွန်ကရင်လူမျိုး နေထိုင်ကြပါတယ်)။ စောဂစ်(ဘ်)ဆင်နှင့် ပါပါ စနေနေ့မွန်းလွဲပိုင်းမှာ ပါမောက္ခလု့(စ်)ထံသွားပြီး သူသိချင်တဲ့ ဝတ္ထုပစ္စည်းအမည်၊ သစ်ပင်သစ်သီး၊ သီးနှံအမည် အစရှိသည်တို့ကို မွန်ကရင်ဘာသာနှင့် ဘယ်လိုခေါ်ကြောင်း အသံနေအသံထားနဲ့ ပါပါတို့က ခေါ်ပြပါတယ်။ စကားလုံးများရဲ့အသံကို သူရေးမှတ်ထားတဲ့အပြင် ခြားနား

mgyoe.com

ချက်အသံများကိုလည်း ရေးမှတ်ထားပါတယ်။ ဒီလိုနဲ့ စနေနေ့မွန်းလွဲတိုင်း နှစ်လကြာ မစ္စတာလူ့(စ်)ထံ သွားရပါတယ်။

ပါမောက္ခလူ့(စ်)နှင့်လုပ်ပြီးတော့ သူက စောဂစ်(ဘ်)ဆင်နှင့် ပါပါတို့ကို တစ်ယောက် ငွေ ၂၀ စီ ပေးသုံးပါတယ်။ ပါပါအတွက် ငွေ ၂၀ ရတော့ ထီပေါက်သလို ဖြစ်သွားတယ်။ ပါပါအနေနဲ့ ကောလိပ်မှာနေတာ တစ်လကို ၈ ကျပ်ပဲသုံးရပါတယ်။ အဲဒီ ၈ ကျပ်ထဲမှာ လက်ဖက်ရည်ဖိုး၊ ဒိုဘီဖိုး၊ ဆံပင်ညှပ်ခ၊ ဆပ်ပြာခေါင်းလိမ်းဆီအစရှိသည့်တို့အဖိုး ပါဝင်ပါတယ်။

ဒါကြောင့် ငွေ ၂၀ ရတော့ ထီပေါက်သလိုဖြစ်ပါတယ်။ ပါပါ ဒီငွေ ၂၀ ရတော့ ရှပ်အင်္ကျီဝယ်ဝတ်တယ်။ ပလေကတ်လုံချည်ဝယ်ဝတ်တယ်။ ဟိုတုန်းက ရှပ်အင်္ကျီအကောင်းစားတစ်ထည်မှ လေးငါးကျပ်ပေးရတယ်။ ပလေကတ်လုံချည်အကောင်းစား ခရုတံဆိပ်၊ ကုလားအုတ်တံဆိပ်ဟာ တစ်ထည်မှ ငါးမတ်၊ တစ်ကျပ်ခွဲပေးရပါတယ်။ ပါပါတို့ခေတ်တုန်းက တတ်နိုင်တဲ့ကျောင်းသားတွေကတော့ အပေါ်ခံအင်္ကျီဆိုလျှင် ငါးရာငါးဆယ်၊ ရှစ်ရာရှစ်ဆယ်ခေါ်တဲ့ ဂျပန်ပိုးဖျင်နဲ့ ချုပ်ဝတ်တာ များပါတယ်။ အာလပတ်ကားခေါ် အရောင်နည်းနည်းတောက်တဲ့ ဖျင်နက်နဲ့လည်း ချုပ်ဝတ်တာများပါတယ်။ အစီးများတဲ့ဖိနပ်ကတော့ နောက်ပိတ်သားရေပြောင်တစ်ဝက် ဖိနပ်များဖြစ်ပါတယ်။ ဒီဝတ်စားဆင်ယင်မှုဟာ ကောလိပ်ကျောင်းသားရဲ့ အမှတ်အသားလိုဖြစ်နေတယ်။ ပါပါ့အနေနဲ့ ဒီလိုအမှတ်အသား ဝတ်စားဆင်ယင်မှုကို မဝတ်ခဲ့ရပါဘူး။

ပါပါ ဝိဇ္ဇာတန်းမှာ စာသင်နေတုန်း ဂျပ်ဆင်ကောလိပ်ကို ကျောင်းသားကြီးတစ်ယောက် ရောက်လာပါတယ်။ ဘီအေ(ဝိဇ္ဇာ)အထက်တန်းကျောင်းသားအဖြစ် ရောက်လာပါတယ်။ ဂျပ်ဆင်ကောလိပ်မှာ နေခဲ့ဖူးတဲ့ ကျောင်းသားလား၊ ဒါမှမဟုတ် တက္ကသိုလ်ကောလိပ်က ပြောင်းလာတဲ့ ကျောင်းသားလားဆိုတာ ပါပါ ကောင်းကောင်း မမှတ်မိပါ။ ပင်နီ၊ ပင်ဖြူအင်္ကျီ အမြဲဝတ်တာကိုတော့ ပါပါ ကောင်းကောင်းမှတ်မိပါတယ်။ အဲဒီလူဟာ တခြားလူမဟုတ်ပါဘူး။ နောက်ပိုင်း ဗမာပြည်နိုင်ငံရေးလောကမှာ ပေါ်လွင်ထင်ရှားလာတဲ့ သခင်ဗစိန်ဖြစ်ပါတယ်။ ဂျပ်ဆင်ကောလိပ်မှာ ကျောင်းသားများအဆောင်နှစ်ဆောင်ပေါင်းပြီး အဆောင်နေရာများကို ကျောင်းသားကြီးများက လုပ်လိုကြတယ်။ အသင်းဥက္ကဋ္ဌနေရာနှင့် အမှုဆောင်နေရာရွေးကောက်ပွဲ ပြုလုပ်တဲ့အခါ အကြိတ်အနယ် မဲဆွယ်ကြပါတယ်။ သခင်ဗစိန်ရောက်လာတဲ့နှစ်မှာ သူနော့ဆောင်မှာ နေပါတယ်။ အဲဒီနှစ်မှာပဲ သူ အဆောင်သားများအသင်းဥက္ကဋ္ဌဖြစ်ပါတယ်။

mgyoe.com

mgyoe.com 

ရန်ကုန်တက္ကသိုလ်နယ်မြေမှာ တက္ကသိုလ်ကောလိပ်ကျောင်းသားများ သမဂ္ဂအဆောက်အအုံဆိုတာရှိပါတယ်။ အဲဒီသမဂ္ဂအဆောက်အအုံမှာ အခါအခွင့်သင့်သလို အမှုဆောင်လူကြီးများ စီစဉ်ချက်အရ နိုင်ငံရေးတရားဟောပြောပွဲများ ပြုလုပ်ပါတယ်။ အဲဒီခေတ်တုန်းက နိုင်ငံရေးဇာတ်ခုံမှာ ထင်ပေါ်ကျော်ကြားတဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးတွေ လာရောက်တရားဟောပြပါတယ်။ ဒေါက်တာဘမော်၊ ဦးဘဘေ (ဘကြီးဘဘေ) ဦးဥတ္တမ အစရှိတဲ့ ပုဂ္ဂိုလ်ကြီးများဖြစ်ပါတယ်။ သူတို့ တရားဟောပြောပွဲများကို ပါပါ တက်ရောက်နားထောင်ခဲ့ပါတယ်။ ဒေါက်တာဘမော်နဲ့ ဦးဘဘေတို့က အင်္ဂလိပ်လိုဟောပါတယ်။ ဦးဥတ္တမက ဗမာလိုဟောပါတယ်။ ဒေါက်တာဘမော်ဟာ အင်္ဂလိပ်စာကို ရေလိုကျိုသောက်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘုန်းတော်ကြီး ဦးဥတ္တမ တရားပွဲမှာ ဘာပြောသလဲဆိုတော့ 'မင်းတို့ ကောလိပ်ကျောင်းသားတွေဆိုပြီး ကျွန်အလုပ်ကလွဲလို့ မင်းတို့ ဘာလုပ်တတ်သလဲ၊ မင်းတို့ မီးခြစ်ဆံတစ်ဆံ လုပ်တတ်သလား၊ အပ်တစ်ချောင်းလုပ်တတ်သလား" လို့ပြောတော့ ခန်းလုံးပြည့် လာရောက်နားထောင်တဲ့ ကျောင်းသားတွေဟာ လက်ခုပ်တဖြောင်းဖြောင်း တီးကြပါတယ်။ ဦးဥတ္တမပြောတဲ့ စကားတွေဟာ ပါပါ့နားထဲမှာ စွဲကျန်ရစ်ခဲ့ပါတယ်။

၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်မှာ ပါပါ ဘီအေ (ဝိဇ္ဇာ) စာမေးပွဲနောက်ဆုံးနှစ် ဝင်ရောက်ဖြေဆိုပါတယ်။ ပါပါ့အစ်မကြီးလည်း မော်လမြိုင် အမေရိကန်ဆေးရုံမှ ပခုက္ကူမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှာ ကျန်းမာရေးဆရာမအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ပါတယ်။ ပါပါ ဘီအေစာမေးပွဲဖြေဆိုပြီး ပါပါ့အစ်မကြီးရှိရာ ပခုက္ကူမြို့သို့ ပါပါလိုက်သွားပါတယ်။

### ဘီအေအောင်ပြီးနောက်

ပါပါ့အစ်မကြီးရှိရာ ပခုက္ကူမြို့သို့ မြင်းခြံမှတစ်ဆင့် ပါပါ ရောက်ရှိပါတယ်။ ရန်ကုန်မှ မြင်းခြံသို့ မီးရထားနှင့်သွားပြီး မြင်းခြံမှ ပခုက္ကူသို့ မီးသင်္ဘောနှင့် သွားရပါတယ်။ ပခုက္ကူကို နံနက်ပိုင်းမှာ ရောက်ရှိပါတယ်။ ပါပါ ဘယ်နေ့ရောက်မယ်ဆိုတာ ပါပါ့အစ်မကြီး ကြိုတင်မသိလို့ ပါပါ့ကို လာမကြိုပါ။ ပါပါလည်း အစ်မကြီးနေထိုင်ရာ အောင်သကန်ရပ်ကွက်သို့ မြင်းလှည်းစီးပြီးသွားပါတယ်။ ပါပါအစ်မကြီးနေသောအိမ်ကို မေးမြန်းပြီး ရောက်သွားတော့ ပါပါ့အစ်မကြီးကို မတွေ့ပါ။ အချိန်က နံနက် ၉ နာရီထိုးပြီဖြစ်ပါတယ်။ ပါပါ့အစ်မကြီးက နံနက် ၈ နာရီအချိန်မှာ မြို့ထဲသွားပြီး

mgyoe.com

mgyoe.com

အလုပ်ဆင်းရပါတယ်။ နေ့လယ် အိမ်ပြန်ရောက်မှပဲ ပါပါ တွေ့ရပါတယ်။

ပါပဲ့အစ်မကြီးနှင့်အတူ အခြားကျန်းမာရေးဆရာမတစ်ယောက်လည်း ရှိပါတယ်။ သူတို့နှစ်ယောက် တစ်အိမ်တည်းမှာနေပြီး အိမ်ဖော်မထားဘဲ ကိုယ့်ထမင်းကိုယ်ချက်စားကြပါတယ်။ သူတို့အလုပ်က မြို့ထဲသွားပြီး ကိုယ်ဝန်ဆောင်မိခင်နဲ့ကလေးများကို လိုက်လံကြည့်ရှုရပါတယ်။ နံနက်တိုင်း လိုက်လံကြည့်ရှုပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ အစီရင်ခံရပါတယ်။ အဖွဲ့ဥက္ကဋ္ဌဟာ အရေးပိုင်(ခရိုင်ဝန်)ကတော်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အရေးပိုင်(ခရိုင်ဝန်)ဖြစ်သူမှာ မြန်မာအမျိုးသားဖြစ်ပါတယ်။ ပါပဲ့အစ်မကြီး အလုပ်ဆင်းတဲ့အခါ တစ်ခါတလေ ပါပါလိုက်သွားပါတယ်။ ပခုက္ကူမြို့မှာ နေထိုင်တဲ့လူတွေဟာ ခပ်များများ မျက်ခမ်းစပ်ရောဂါရှိတာကို ပါပါ တွေ့ခဲ့ရပါတယ်။

၁၉၃၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ဘီအေ(ဝိဇ္ဇာ)အောင်စာရင်း ရန်ကုန်မှာထုတ်ပြန်ကြေညာပါတယ်။ ပါပါ ပခုက္ကူရောက်ပြီး တစ်ပတ်အကြာမှာ ဖြစ်ပါတယ်။ ဘီအေစာမေးပွဲဖြေဆိုထားတဲ့ ပခုက္ကူကျောင်းသားတွေဟာ သူတို့အောင်ကြောင်း ရန်ကုန်မှ အသိတွေဆီက သံကြိုးလာတော့ ဝမ်းသာနေကြတယ်။ ပါပါက ရန်ကုန်က အသိတွေကို ကြိုတင် အကြောင်းမကြားထားတော့ ပါပဲ့ဆီကို သံကြိုးမလာဘူး။ မတ်လ ၁၀ ရက်နေ့မှာ ရန်ကုန်က သတင်းစာလာတော့မှပဲ ပါပါ ဘီအေစာမေးပွဲအောင်ကြောင်း သိရပါတယ်။

ပခုက္ကူမြို့မှာ ပါပါ နှစ်လနီးပါးကြာခဲ့တယ်။ မြို့ဟာ အလွန်မှ ပူအိုက်ပါတယ်။ ညဆိုလျှင် ပါပါ ကောင်းမွန်စွာ အိပ်လို့မရဘူး။ အိပ်ရင်း လည်ပင်းမှာ ချွေးတွေစီးလို့ထပြီးသုတ်ရတယ်။ မြို့ထဲမှာ သစ်ပင်ဝါးပင်ဆိုလို့ မန်ကျည်းပင်နှင့် တမာပင်ပဲရှိတယ်။ ဖုန်လည်းထူပါတယ်။ ညဆို ခြင်လည်းကိုက်ပါတယ်။ တစ်ခါတလေ သဲမုန်တိုင်းကျတတ်ပါတယ်။ တစ်နေ့ မွန်းလွဲပိုင်း ပါပါ ဗုဒ္ဓကုန်းမှအပြန် ချောင်းကူးတံတားပေါ်အလယ်လောက်မှာ သဲမုန်တိုင်းမိလို့ ပါပါ တော်တော်ကလေး ခံလိုက်ရပါတယ်။ တစ်ကိုယ်လုံး သဲတွေကပ်နေပါတယ်။ ဒါတောင်မှ ပြင်းပြင်းကလေး နာရီဝက်လောက်ပဲလေကတိုက်လို့ တော်ပါသေးတယ်။ ပါပါ ပခုက္ကူမှာနေစဉ် ပခုက္ကူသားတွေကြိုက်တဲ့နာမည်ကျော်အစာနှစ်မျိုးကိုလည်း စားခဲ့ပါတယ်။ ဘာအစာလဲဆိုတော့ ယုန်သားခြောက်နှင့် ပုတတ်သားဖြစ်ပါတယ်။ ခပ်ကြွပ်ကြွပ်ကလေး ကြက်သွန်ဖြူနှင့်ကြော်လျှင်အလွန်မှ စားကောင်းပါတယ်။ ပခုက္ကူသားတွေကြိုက်သလို ပါပါလည်း အလွန်ကြိုက်

mgyoe.com

ပါတယ်။ နောက်ပိုင်း ပါပါ ဝန်ကြီးနှင့် သမ္မတဖြစ်လာတဲ့အခါ ပခုက္ကူက ယုန်သား ခြောက်နှင့် ပုတတ်သားကို မှာစားပါတယ်။ ပါပါကို အများဆုံးပေးစားတဲ့လူကတော့ ကွယ်လွန်သွားသော ပခုက္ကူသား မြင်းဝိဇ္ဇာ ဦးဘကျားပဲဖြစ်ပါတယ်။

သကြင်္န်အပြီး မေလကုန်ခါနီးမှာ ပါပါ ရန်ကုန်သို့ ပြန်ဆင်းလာခဲ့ပါတယ်။ ဘီအေအောင်ပြီးဖြစ်၍ အလုပ်ရှာရန်အတွက်ဖြစ်ပါတယ်။ ရန်ကုန်ရောက်တော့ စာမေးပွဲအောင်တဲ့ ပါပါမိတ်ဆွေတချို့နဲ့ တွေ့တယ်။ ပါပါ့လို့ပဲ အလုပ်ရှာတဲ့လူက ရှာပါတယ်။ အဆက်အသွယ်ကောင်းတဲ့လူတွေက ဘီအိုစီ (ယခု မြန်မာ့ရေနံ) စတီးဘရားသား၊ ဘုံဘေဘားမား အစရှိတဲ့ နိုင်ငံခြားကုမ္ပဏီမှာ အလုပ်ကောင်းရကြတယ်။ တချို့လည်း သူတို့ဆယ်တန်းအောင်ခဲ့တဲ့ကျောင်းက သူတို့ကို ဆရာအဖြစ် ပြန်ခေါ်ပါတယ်။ အဲဒီအချိန်မှာ ပါပါ့သူငယ်ချင်း မိတ်ဆွေ ဦးဝီ(လ်)ဆင်သိန်းက ထောင်မှူးသင်တန်းတက်ရောက်နေပါတယ်။ နောက်ပိုင်း သူအကောက်ဌာနသို့ ကာကွယ်ရေးအရာရှိအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ပါတယ်။ ပါပါတော့ တစ်ရုံးဝင်တစ်ရုံးထွက်၊ တစ်ကုမ္ပဏီဝင် တစ်ကုမ္ပဏီထွက်ဆိုသလို အလုပ်ရှာနေရပါတယ်။ ဒီရုံးမှာရနိုးနိုး၊ ဟိုကုမ္ပဏီမှာ ရနိုးနိုးနဲ့ သွားလာနေရတယ်။

အလုပ်ရှာပုံတော်ဖွင့်ပြီး နှစ်လအကြာမှာ ပါပါ ဘီအိုစီမှာ အလုပ်ရပါတယ်။ ရန်ကုန်မှာမဟုတ်ပါ။ သန်လျင်ဘီအိုစီမှာဖြစ်ပါတယ်။ စာရေးအလုပ်ဖြစ်ပြီး လခ တစ်လ ငါးဆယ်ဖြစ်ပါတယ်။ ဘီအေအောင်ပြီး တစ်လငါးဆယ်ရတဲ့ စာရေးအလုပ်ကို ဝင်လုပ်တော့ မေးငေါ့ခံရပါတယ်။ ဘီအေဈေးဖျက်တယ်ဆိုပြီး အပြောခံရပါတယ်။ ပါပါ့အနေနဲ့ အရေးမစိုက်ပါ။ ပါပါ့ဆောင်ပုဒ်က "အလုပ်ဟူသ၍ ဂုဏ်ရှိသည်" "လုပ်အားတန်ဖိုး ချစ်မြတ်နိုး" ပဲ ဖြစ်ပါတယ်။

သန်လျင်မှာနေစဉ် ဦးရွှေဘုန်း၊ ဒေါ်သက်ရှေတို့အိမ်မှာ မိတ်ဆွေတစ်ယောက်၏ စီစဉ်ပေးချက်အရ ထမင်းလခပေးပြီးနေပါတယ်။ ဦးရွှေဘုန်းနှင့် ဒေါ်သက်ရှေတို့မှာ သားသမီးလေးယောက်၊ မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားကလေးနှစ်ယောက်ရှိပါတယ်။ သမီးအကြီးဆုံးက ကျောင်းထွက်ပြီး အိမ်မှာပဲနေပြီး သူ့အမေအလုပ်ကို ဝိုင်းကူလုပ်ပါတယ်။ သမီးအငယ်ကတော့ ဆယ်တန်းမှာ၊ ကျောင်းနေပါတယ်။ သား နှစ်ယောက်လည်း ကျောင်းနေကြပါတယ်။ အဲဒီအချိန်မှာ ဦးရွှေဘုန်းဟာ သီလဝါ ရေနံချက်စက်ရုံမှာ အလုပ်လုပ်ပါတယ်။ သူ့အိမ်သို့ တစ်လ တစ်ခါနှစ်ခါ ပြန်လာတတ် ပါတယ်။

mgyoe.com

ဦးရွှေဘုန်း–ဒေါ်သက်ရှေတို့အိမ်ဟာ ဘီအိုစီရုံးနှင့် အလှမ်းနည်းနည်းဝေးတော့ ပါပါ အလုပ်တက်လွယ်ကူရန်အတွက် စက်ဘီးအဟောင်းတစ်စီးဝယ်ပါတယ်။ အလုပ်ချိန်ဟာ မနက် ၇ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၁၂ နာရီမှ ၄ နာရီဖြစ်ပါတယ်။ စနေနေ့မှာ နေ့တစ်ဝက်ပဲ တက်ရပါတယ်။ စနေနေ့တိုင်း ပါပါ ရန်ကုန်ပြန်လည်ပြီး တနင်္ဂနွေညနေမှ ပြန်လာပါတယ်။ ရန်ကုန်ပြန်ရောက်တိုင်း အသိမိတ်ဆွေအိမ်သွားပြီး အလုပ်အကိုင်အကြောင်းတွေကို စုံစမ်းမေးမြန်းပါတယ်။ သန်လျင်ဘီအိုစီရုံးမှာ ပါပါ စာရင်းအင်းအလုပ်လုပ်ရပါတယ်။ အဲဒီတုန်းက အစိုးရရုံးတွေမှာ လဆန်းတစ်ရက်နေ့မှာ လခထုတ်ပေးပါတယ်။ ဘီအိုစီမှာတော့ လကုန်တဲ့နေ့မှာ ထုတ်ပေးပါတယ်။ တခြားကုမ္ပဏီတွေမှာလည်း လကုန်တဲ့နေ့မှာထုတ်ပေးကြောင်း သိရှိရပါတယ်။ စာရင်းအင်းဌာနမှာ စာရေးတွေဟာ အလုပ်သမားလစာတွေကို စက္ကူအိတ်ထဲမှာ ထည့်ထားပေးရတယ်။ လခထုတ်ပေးတော့ အလုပ်သမားတွေကို တစ်ယောက်စီ နာမည်ခေါ်ပြီး ထုတ်ပေးပါတယ်။

၁၉၄၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် ပါပါ စက်မှုနှင့် အလုပ်သမားဌာနဝန်ကြီးဖြစ်တော့ သန်လျင်ဘီအိုစီကို သွားကြည့်ရှုလိုကြောင်း ရန်ကုန်မြို့၊ ဘီအိုစီဌာနချုပ် အင်္ဂလိပ်အမျိုးသား အထွေထွေမန်နေဂျာကို ပါပါ့အတွင်းဝန်က အကြောင်းကြားပါတယ်။ ပါပါသွားတဲ့နေ့မှာ အထွေထွေမန်နေဂျာပါလိုက်ပြီး သန်လျင်ရောက်တော့ ဘီအိုစီသင်္ဘောဆိပ်မှာ ဆိုက်ပါတယ်။ သန်လျင်ဘီအိုစီရုံးရောက်တော့ ပါပါ စာရေးလုပ်ခဲ့တဲ့ရုံးခန်းကို သွားပါတယ်။ လုပ်ဖော်ကိုင်ဖက် ခပ်များများကို ပါပါ ပြန်တွေ့ရပါတယ်။ သူတို့အားလုံး ဝမ်းသာကြပါတယ်။ ဒီတော့ကျမှ ဘီအိုစီ အထွေထွေမန်နေဂျာက ပါပါ သန်လျင်ဘီအိုစီမှာ အလုပ်လုပ်ခဲ့ဖူးကြောင်း သူသိပါတယ်။

သန်လျင်ဘီအိုစီမှာ ပါပါ လေးလကြာပါတယ်။ ရန်ကုန် ဘဏ္ဍာရေးမင်းကြီးရုံးမှာ အထက်တန်းစာရေးအလုပ်ကို ရရှိတဲ့အတွက် ရန်ကုန်သို့ ပြန်ပြောင်းလာရတယ်။ ပါပါမိတ်ဆွေတစ်ယောက်အကြောင်းပြုပြီး ဘဏ္ဍာရေးမင်းကြီးရုံးမှာ အထက်တန်းစာရေးအဖြစ် အမှုထမ်းဆောင်တဲ့ ဦးစောရွှေနီနဲ့ သိခွင့်ရပါတယ်။ (လွတ်လပ်ရေးရပြီးနောက် ဦးစောရွှေနီဟာ၊ ကရင်ပြည်နယ် ဝန်ကြီးဌာနမှာ အတွင်းဝန်ကလေးအဖြစ် အမှုထမ်းခဲ့ပါတယ်။ အခု ကွယ်လွန်သွားပြီး) ပါပါ သန်လျင်မှာနေစဉ် ရန်ကုန်သို့ စနေနေ့တိုင်း ပြန်လာတဲ့အခါမှာ ဦးစောရွှေနီက သူတို့ရုံးမှာ အထက်တန်းစာရေးနေရာ

mgyoe.com

လစ်လပ်ကြောင်း ပါပါကို ပြောပါတယ်။ ပါပါလည်း လိပ်စာကို ဦးစောရွှေနီမှ တစ်ဆင့်ပေးပြီး အဆိုပါအလုပ်ကို လျှောက်ပါတယ်။ အဲဒီအချိန်မှာ ဘဏ္ဍာရေးမင်းကြီး နှင့် ၎င်း၏အတွင်း၀န်ဟာ အင်္ဂလိပ်လူမျိုးဖြစ်ပါတယ်။ ပါပါ့ရဲ့လိပ်စာကို ဦးစောရွှေနီမှ တစ်ဆင့်ပေးထားတဲ့အတွက် အတွင်း၀န်က ဦးစောရွှေနီကို ပါပါနဲ့ ဘယ်လိုတော်သလဲ ခေါ်မေးပါတယ်။ ဦးစောရွှေနီက သူ့တူတော်တဲ့အကြောင်းပြန်ပြောတော့ အတွင်း၀န်က ပါပါ့ကို အလုပ်ခန့်တဲ့အကြောင်း အမိန့်ချလိုက်ပါတယ်။ အမှန်ဆိုလျှင် ဦးစောရွှေနီနှင့် ပါပါဟာ ဘယ်လိုမှ မတော်စပ်ပါ။ ဦးစောရွှေနီကြောင့် ပါပါ အလုပ်ရတဲ့အတွက် ဦးစောရွှေနီကို ပါပါ ကျေးဇူးတင်မဆုံးဖြစ်ပါတယ်။

ဘဏ္ဍာရေးမင်းကြီးရုံးအလုပ်ဟာ အခွန်ဘဏ္ဍာနှင့်ပတ်သက်တဲ့အလုပ်တွေ ဖြစ်ပါတယ်။ မြေခွန်၊ အကောက်ခွန်၊ ယစ်မျိုးခွန်၊ အင်းခွန်၊ ဆားခွန်၊ အမြတ်တော်ကြေး အစရှိတဲ့ အခွန်မှန်သမျှ သတ်မှတ်စည်းကြပ်ခြင်းဖြစ်ပါတယ်။ ပါပါ ဘဏ္ဍာရေးမင်း ကြီးရုံးမှာလုပ်စဉ် လယ်နှင့် မြေယာဌာနခွဲနှင့် အထွေထွေဌာနခွဲမှာ လုပ်ခဲ့ရပါတယ်။ လယ်မြေခွန်စည်းကြပ်တဲ့နည်းဟာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းခွဲခြားပြီး စည်းကြပ်ပါတယ်။ ၎င်းနည်းတူ ယာမြေ၊ ခြံမြေလည်း အဆင့်အတန်းခွဲခြားပြီး အခွန် စည်းကြပ်ပါတယ်။ ကွင်းဆင်းပြီး လယ်မြေ၊ ယာမြေ အဆင့်အတန်း ခွဲခြားသတ်မှတ် တဲ့အလုပ်ကို ကြေးတိုင်နှင့် မြေစာရင်းမင်းကြီးဌာနမှ အရေးပိုင် (ခရိုင်၀န်) အဆင့်ရှိ အရာရှိကြီးများဖြစ်ပါတယ်။ အဲဒီကိုကွင်းဆင်းပြီး လယ်မြေ၊ ယာမြေ အဆင့်အတန်း သတ်မှတ်တဲ့အလုပ်ဟာ ကြေးတိုင်စိုက်တယ်လို့ခေါ်ပါတယ်။ အနှစ်နှစ်ဆယ်အစိတ်မှ တစ်ကြိမ် ကြေးတိုင်စိုက်ပါတယ်။ ပထမအကြိမ် ကြေးတိုင်စိုက်ပြီး သတ်မှတ်ထားတဲ့ အခွန်နှုန်းဟာ နောက်တစ်ကြိမ် ကြေးတိုင်စိုက်ပြီးမှ ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ လယ် မြေ၊ ယာမြေတချို့ဟာ ကြေးတိုင်စိုက်ရန် ကွင်းဆင်းစစ်ဆေးကြည့်ရှုတဲ့အခါ အကောင်း စားလယ်မြေဖြစ်နေတဲ့အတွက် ပထမတန်းလယ်ယာမြေအဖြစ် အခွန်နှုန်း သတ်မှတ် စည်းကြပ်ခံရပြီးနောက် လေးငါးနှစ်ကြာ မြေညံ့ဖြစ်သွားသော်လည်း နောက်ထပ် ကြေး တိုင်မစိုက်မီ ပထမတန်းအခွန်နှုန်းပဲ ဆက်လက်ထမ်းဆောင်နေရကြောင်း ပါပါ တွေ့ရပါတယ်။

ပါပါ ဘဏ္ဍာရေးမင်းကြီးရုံးမှာ အလုပ်လုပ်စဉ် အကောက်ခွန်ဌာနမှာ အလုပ် နှစ်ကြိမ်လျှောက်ဖူးပါတယ်။ ပထမအကြိမ်ဟာ ရာဖြတ်အလုပ်ဖြစ်ပါတယ်။ လက် ထောက်အကောက်ခွန်မင်းကြီး (ရာဖြတ်ဆိုင်ရာ) နှင့် လူကိုယ်တိုင် သွားရောက် အစစ်

mgyoe.com

mgyoe.com

ဆေးမေးမြန်းခံရပါတယ်။ လက်ထောက်မင်းကြီးဟာ သူစစ်ဆေးမေးမြန်းပြီး သူကြိုက်နှစ်သက်တဲ့လူတွေ နောက်ဆုံး အစစ်ဆေးမေးမြန်းခံရန် မင်းကြီးထံ နာမည်တင်ပြပါတယ်။ ပါပဲ့အနေနဲ့ လက်ထောက်မင်းကြီးနှင့်ပင် ကိစ္စပြီးပြီး ပြုတ်ကျန်ရစ်ခဲ့ပါတယ်။ အဲဒီတုန်းက လက်ထောက်မင်းကြီးဟာ မြန်မာအမျိုးသား အိုင်စီအက်(စ်)ဖြစ်ပါတယ်။

အကောက်ခွန်ဌာနမှာ ကာကွယ်ရေးအရာရှိရာထူးလစ်လပ်တော့ ပါပါ လျှောက်ပါတယ်။ သုံးလေးနေရာ လစ်လပ်ပါတယ်။ ကာကွယ်ရေးအရာရှိရာထူးဟာ ဂုဏ်ဖြတ်အရာရှိထက် လစာနည်းပါတယ်။ အဲဒီအချိန်မှာ လက်ထောက်မင်းကြီး (ကာကွယ်ရေးဆိုင်ရာ)ဟာ အင်္ဂလိပ်လူမျိုးဖြစ်ပြီး ရဲဝန်ထမ်းအဖွဲ့(ပထမတန်း)မှ ဖြစ်ပါတယ်။ လက်ထောက်မင်းကြီး (ကာကွယ်ရေးဆိုင်ရာ)ဟာ ပါပဲ့ကို ခေါ်တွေ့စစ်ဆေးမေးမြန်းပါတယ်။ အင်္ဂလိပ်လူမျိုးဖြစ်တဲ့ အကောက်ခွန်မင်းကြီးဟာ ကာကွယ်ရေးအရာရှိခန့်တဲ့နေရာမှာ လက်ထောက်မင်းကြီး (ကာကွယ်ရေးဆိုင်ရာ)ကို အာဏာပေးအပ်ထားပါတယ်။ လက်ထောက်မင်းကြီး (ကာကွယ်ရေးဆိုင်ရာ)နှင့် ပါပါ တွေ့ဆုံအစစ်ခံပြီး တစ်ပတ်အကြာမှာ ပါပဲ့ကို ခန့်အပ်ကြောင်း စာလာပါတယ်။

ကာကွယ်ရေးအရာရှိရာထူးကို ပါပါ လက်ခံပြီး ဝင်လုပ်ပါတယ်။ ပါပါဝင်လုပ်တဲ့ ရည်ရွယ်ချက်ဟာ ကာကွယ်ရေးအရာရှိအလုပ်မှ ရာဖြတ်အလုပ်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန်ဖြစ်ပါတယ်။ အဲဒီလို ပြောင်းရွှေ့ခန့်ထားခြင်းခံရပြီး လုပ်ကိုင်တဲ့လူတွေလည်းရှိပါတယ်။ ကာကွယ်ရေးအရာရှိအဖြစ် ပထမ ပါပါ အလုပ်သင်ရပါတယ်။ ပါပါ ပထမဆုံးသင်ရသောအလုပ်ဟာ ပင်လယ်ကူးသင်္ဘောပေါ် တက်ရောက်စစ်ဆေးရသောအလုပ်ဖြစ်ပါတယ်။ ကာကွယ်ရေးအရာရှိလုပ်သူမှာ ဝင်လာသော ပင်လယ်ကူးသင်္ဘောပေါ်တက်ရောက်ပြီး လှေကားထိပ်နားမှာ "လက်နက်များ ခွင့်မပြု" ဆိုင်းဘုတ်ကို ချိတ်ဆွဲထားရပါတယ်။ ၎င်းနောက် မာလိန်မှူးနှင့်အတူ သင်္ဘောစတိုခန်းသို့သွားရပါတယ်။ တက်ရောက်စစ်ဆေးသော သင်္ဘောမှာ သင်္ဘောသားအားလုံး မည်မျှရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းမှာ ဘယ်နှရက်ကြာမည်ဖြစ်ကြောင်း၊ မာလိန်မှူးအား မေးမြန်းပြီး သင်္ဘောစတိုခန်းထဲမှာရှိသော စားသောက်ဖွယ်ရာယိုဘူးများ၊ စီးကရက်၊ အရက်စသည်တို့ကို တွက်ချက်ပြီး ထုတ်ပေးရပါတယ်။ ၎င်းနောက် စတိုခန်းကို ချိပ်ပိတ်ထားရပါတယ်။ အကယ်၍ သင်္ဘောသည် မူလသတ်မှတ်ထားသောရက်များထက် ပိုနေလျှင် ပိုနေသောရက်များအတွက် တွက်ချက်ပြီး စတိုခန်းမှ စားစရာသောက်စရာများကို ထပ်မံထုတ်ပေးရပါတယ်။ ၎င်းနောက် စတိုခန်းကို ထပ်မံချိပ်ပိတ်ရပါတယ်။ နေ့လယ်

mgyoe.com

စာစားရန်အချိန်ရောက်သောအခါ မာလိန်မှူးနှင့်အတူ စားရပါတယ်။ မာလိန်မှူးက စားကောင်းသောက်ဖွယ်များနှင့် တည်ခင်းဧည့်ခံသည့်အပြင် ပြန်တော့လည်း အလိပ်ငါး ဆယ်ဝင် စီးကရက်ဘူးများလည်း လက်ဆောင်အဖြစ် ပေးလိုက်ပါတယ်။ ကာကွယ် ရေးအရာရှိ၏ တာဝန်ဝတ္တရားများမှာ သင်္ဘောပေါ် တက်ရောက်စစ်ဆေးရသော တာဝန်အပြင် ရေထဲ ပတ္တာရောင်လှည့်ရသောတာဝန်နှင့် ဆိပ်ကမ်းဂိုဒေါင်မှာ လုပ်ရသော တာဝန်များလည်း ရှိပါတယ်။

ကာကွယ်ရေးအရာရှိအဖြစ် တစ်လကြာမျှ တာဝန်ထမ်းဆောင်ပြီးနောက် ပါပါ သည် အကောက်ခွန်မင်းကြီးနှင့် ဝင်ရောက်တွေ့ဆုံပြီး ကာကွယ်ရေးအရာရှိအလုပ်မှ ရာဖြတ်အလုပ်သို့ ပြောင်းရွှေ့လုပ်ပိုင်ခွင့်ရှိမရှိ အကောက်ခွန်မင်းကြီးအား မေးမြန်းပါ တယ်။ ပါပါသည် အကောက်ခွန်မင်းကြီးအောက်မှ အရာရှိကလေးပင်ဖြစ်သော်လည်း ပါပါကို ယဉ်ကျေးစွာဖြင့် လက်ခံတွေ့ဆုံစကားပြောပါတယ်။ အလုပ်ကို ပြောင်းရွှေ့ လုပ်ကိုင်နိုင်သော်လည်း မည်မျှကြာမှ လုပ်ကိုင်နိုင်မည်ကို သူ အတိအကျ မပြောနိုင် ကြောင်း မယုတ်မလွန် ပါပါ့ကို ပြန်ပြောပါတယ်။

ပါပါသည် အကောက်ခွန်မင်းကြီးနှင့်တွေ့ဆုံပြီး မကြာမီ ကာကွယ်ရေးအရာရှိ ရာထူးမှ နုတ်ထွက်လိုက်ပါတယ်။ ၎င်းနောက် ဘဏ္ဍာရေးမင်းကြီးရုံးသို့ ပြန်လည်၍ စာရေးအလုပ်ကို လုပ်ပါတယ်။ ဘဏ္ဍာရေးမင်းကြီးရုံးမှာ ပါပါနှင့်အတူ အလုပ်လုပ်ပြီး နောက်ပိုင်း ရာထူးကောင်းကောင်းရရှိသူများလည်းရှိပါတယ်။ ၎င်းတို့မှာ ဦးလှအောင်၊ နိုင်ငံခြားရေးဝန်ထမ်းအငြိမ်းစား ဦးဘချစ်၊ နိုင်ငံခြားရေးရုံးဌာနခွဲမှူး၊ အငြိမ်းစားနှင့် ဦးထွန်းသိန်း၊ စက်မှုလက်မှုဌာန ညွှန်ကြားရေးဝန်အငြိမ်းစားတို့ ဖြစ်ကြပါတယ်။ ဦးလှအောင်နှင့် ဦးထွန်းသိန်းဟာ ညီအစ်ကိုဖြစ်ပါတယ်။

ပါပါ ဘဏ္ဍာရေးမင်းကြီးရုံးမှာ အလုပ်ပြန်လုပ်ပြီး များမကြာမီ ဒုတိယကမ္ဘာ စစ်ကြီး စတင်ဖြစ်လာပါတယ်။ စစ်ကြီးဖြစ်လာတဲ့အတွက် မေမြို့မှာ စစ်ဗိုလ်လောင်း သင်တန်းကျောင်း ဖွင့်လှစ်ပါတယ်။ စစ်ဗိုလ်လောင်းသင်တန်းကျောင်းမတက်မီ ပထမ ဆင့်အနေဖြင့် စစ်သားရိုးရိုးအဖြစ် သုံးလကြာမျှ စစ်သားသင်တန်း တက်ရပါတယ်။ စစ်သားသင်တန်းအောင်မြင်မှသာ စစ်ဗိုလ်လောင်းသင်တန်း တက်ရပါတယ်။ တတိယ အကြိမ်မြောက် စစ်ဗိုလ်လောင်းသင်တန်းတက်ရောက်ရန် ပါပါလျှောက်ထားရာ ဝင်ခွင့် ရရှိပါတယ်။ စစ်သားရိုးရိုးသင်တန်း ပထမအဆင့်အနေဖြင့် သင်ကြားရန် ပါပါ မေမြို့သို့ ထွက်ခွာသွားပါတယ်။

mgyoe.com

mgyoe.com

မေမြို့သို့ ပါပါ ၁၉၄၁ ခု၊ အောက်တိုဘာလကုန်မှာ ရောက်ရှိပါတယ်။ မေမြို့သို့ ပါပါ ဒုတိယအကြိမ် ရောက်ရှိခြင်းဖြစ်ပါတယ်။ ပထမအကြိမ်ရောက်ရှိစဉ်က ကောလိပ်ကျောင်းသားဘဝကဖြစ်ပါတယ်။ ၁၉၃၄ ခု နွေရာသီကျောင်းပိတ်ရက်မှာ ယူတီစီ (University Training Camps) ခေါ်တဲ့ တက္ကသိုလ်စစ်တပ်ရင်းဟာ မေမြို့ တက်ပြီး စခန်းချကာ လေ့ကျင့်ရေးများ ပြုလုပ်မည်ဖြစ်၍ ပါပါဟာ အဖွဲ့ဝင်စစ်သား တစ်ယောက်အနေဖြင့် လိုက်ပါသွားခြင်းဖြစ်ပါတယ်။ အဲဒီတုန်းက ကောလိပ်ကျောင်း စစ်သားတွေဟာ တပျော်တပါးကြီး အထူးမီးရထားဖြင့် ရန်ကုန်မှ နံနက်အချိန် စထွက် ပြီး နောက်တစ်နေ့နံနက်အချိန်မှာ မန္တလေးမြို့သို့ ရောက်ရှိသွားပါတယ်။ ပါပါ့အနေနဲ့ မန္တလေးသို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်ပါတယ်။ မေမြို့သို့ နေ့လယ်မှ မီးရထား ဆက်ထွက်မယ်ဖြစ်တဲ့အတွက် မန္တလေးမြို့ထဲသို့ အဖော်များနှင့်အတူ ပါပါ လျှောက် လည်ကြပါတယ်။ နန်းတော်ထဲ သွားကြပါတယ်။ အဲဒီတုန်းက နန်းတော်ဟာ ဟောင်း သည်မှတစ်ပါး ပျက်စီးခြင်း သိပ်မရှိသေးပါ။ တိုင်တစ်လုံးတစ်လုံးမှာ လူတစ်ဖက်မက ကြီးပါတယ်။ မှျော်စင်လည်းရှိပါသေးတယ်။ လူတက်လို့မရတော့ကြောင်း သိရပါ တယ်။

၁၉၄၁ ခု၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ ပါပါ စစ်သားသင်တန်း တက်ရပါ တယ်။ ပထမနေ့မှာ စစ်ဝတ်စစ်စား ယူနီဖောင်းထုတ်ပေးတာနဲ့ အချိန်ကုန်သွားပါ တယ်။ စစ်သင်တန်းဟာ သုံးလကြာပါတယ်။ သုံးလအတွင်း တန်းစီလမ်းလျှောက်၊ ဘယ်လှည့်၊ ညာလှည့်၊ လေ့ကျင့်ရေးအငယ်စားလက်နက်များ ကိုင်တွယ်ရေး (အဲဒီ တုန်းက ဒသမ ၃၀၃ ရိုင်ဖယ်နှင့် ဘရင်းခေါ်တဲ့ စစ်သေနတ်အငယ်စားပဲ သင်ရပါ တယ်)၊ လှံစွပ်ထိုးနည်း၊ စစ်ချီတက်နည်း၊ အခက်အခဲကျော်လွှားသွားနည်း အစရှိသည် တို့ဖြစ်ပါတယ်။ လှံစွပ်ထိုးနှင့် အခက်အခဲကျော်လွှား လေ့ကျင့်ရတဲ့အခါ အလွန်မှ ပင်ပန်းပါတယ်။ ထမင်းစားပျက်ပါတယ်။ စစ်သားသင်တန်းပြီးဆုံးခါနီးမှာ ပစ်ကွင်းရှိ ရာသို့သွားပြီး ရိုင်ဖယ်သေနတ် လေ့ကျင့်ရပါတယ်။

စစ်သားသင်တန်းတက်နေစဉ် ခရစ္စမတ်ပွဲတော်အတွက် ကျောင်းတစ်ပတ်ပိတ် ပါတယ်။ ကျောင်းတစ်ပတ်ပိတ်စဉ်အတွင်း ပါပါ ရန်ကုန်သို့ ဆင်းသွားပါတယ်။ ပါပါ ရန်ကုန်သို့ရောက်တဲ့နေ့ဟာ ဂျပန်တို့ ဗုံးလာချပြီး နောက်တစ်နေ့ဖြစ်ပါတယ်။ မြို့ဟာ ကျီးလန့်စာစားဖြစ်ပြီး လူတွေဟာ ခြေဦးတည့်ရာ သွားနေကြပါတယ်။ ပါပါရောက်တဲ့ အချိန်ဟာ နံနက်ပိုင်းဖြစ်ပြီး မီးရထားတို့သည် တိုးကြောင်ကလေး၊ သက်နှင်းကျွန်းရှောက်

mgyoe.com